ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 19 February 2025 ၁၁၇၃၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပွင့်ဖြူမြို့နယ်၌ ရိတ်သိမ်းပြီးစီးသည့် ပဲကြီးသီးနှံများ သန့်စင်နေမှုကို တွေ့ရစဉ်။

# ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံရာသီတွင် စိုက်ပျိုးသည့် ပဲကြီးသီးနှံများ ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် ပဲကြီးသီးနှံ ၉၈၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆



ကျွန်းလှမြို့နယ်၌ ရိတ်သိမ်းထားသည့် ပဲစင်းငုံသီးနှံများကို တွေ့ရစဉ်။

# ကျွန်းလှမြို့နယ်၌ ပဲစင်းငုံသီးနှံ ၁၁၅၃၅ ဧက ရိတ်သိမ်း တင်း ၁၆၃၀၀၀ ကျော် ထွက်ရှိ

ကျွန်းလှ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံသီးနှံ ၁၁၅၃၅ ဧက ရိတ်သိမ်းပြီး တင်း ၁၆၃၀၀၀ ကျော်ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ပဲစင်းငုံသီးနှံကို မိုးရာသီတွင် အဓိကထားစိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရာမှာ သီးသန့်စိုက်ပျိုးကြသလို မြေပဲ၊ ပြောင်းသီးနှံတို့နဲ့ သီးညှပ်စိုက်ပျိုးကြပါတယ်။ အခုအခါ စိုက်ဧကအားလုံးရိတ်သိမ်းပြီး တစ်ဧက ၁၄ ဒသမ ၁၉ တင်းထွက်ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍

## ယနေ့ ဖတ်စရာ

ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း
စာမျက်နှာ » ၄

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ဆိုင်ရာ ဥပဒေပြဋ္ဌာန်း
စာမျက်နှာ » ၅

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်း ရောက်ရှိနေသော ပြည်သူများအတွက် ထောက်ပံ့ငွေ ပေးအပ်
စာမျက်နှာ » ၁၁



ပြည်တွင်းဖြစ် စားသုံးဆီများ စားသုံးကြစို့လား
ဆောင်းပါး စာမျက်နှာ » ၁၂

စစ်တွေမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ စာစစ်မှူးချုပ်များ၏ ဟောပြောဆွေးနွေးပွဲ ကျင်းပ
စာမျက်နှာ » ၁၈

လူငယ်များသိသင့်သော ယဉ်ကျေးမှုအမွေအနှစ်များ
လူငယ်ရေးရာကဏ္ဍ စာမျက်နှာ » ၁၇

# တိုင်းရင်းသားညီအစ်ကိုမောင်နှမများအား စာနာထောက်ထားဖေးမကူညီ

"သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုများဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့် နိုင်ငံတော်အနေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံစဉ် ပြောကြားခဲ့ပြီးနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

ယခုအခါ ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် အပြစ်မဲ့ဒေသခံ တိုင်းရင်းသားပြည်သူများသည် ဘေးလွတ်ရာဒေသများ၊ တည်ငြိမ်အေးချမ်းသော မြို့ရွာများသို့ ယာယီနေရပ်စွန့်ခွာ ပြောင်းရွှေ့နေထိုင်ကြရသည်။ အဆိုပါဒေသခံ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့နေရင်းဒေသများတွင် နှစ်ပေါင်းရှည်ကြာ အခြေတကျ နေထိုင်လုပ်ကိုင်စားသောက်ကြစဉ် အကြမ်းဖက်သမားများလက်ချက်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ကြရသဖြင့် သင့်တော်ရာဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြသူများရှိသလို မရွှေ့မပြောင်းနိုင်သောသူများမှာ မိမိတို့နေရင်းဒေသများတွင်သာ ဆင်းရဲဒုက္ခအန္တရာယ်မျိုးစုံကို ရင်ဆိုင်ကြုံတွေ့ခံပြီး နေရစ်ခဲ့ကြရသည်။

အဆိုပါပြည်သူများသည် မိမိတို့၏ တိုင်းရင်းသားညီအစ်ကိုမောင်နှမများပင်ဖြစ်၍ လူမျိုး၊ ဘာသာ၊ အသွေးအရောင်မခွဲခြားဘဲ စာနာထောက်ထားဖေးမကူညီကြရမည်ဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် အလုပ်ပျက်အကိုင်ပျက် စီးပွားပျက်ပြီး မိမိတို့နေရပ်များကို စွန့်ခွာ၍ အရပ်တစ်ပါးတွင် ပြောင်းရွှေ့နေထိုင်ကြရသည့် ဒုက္ခများမှာ မည်မျှကြီးမားကြောင်း ကာယကံရှင်များသာ အခံစားရဆုံးဖြစ်သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် မိမိတို့၏ ပြည်သူများကို ရင်ဝယ်သား၊ ညီအစ်ကိုမောင်နှမများကဲ့သို့ သဘောထားပြီး ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ပြည်သူအားလုံး တစ်ယောက်မကျန် ထောက်ပံ့ကူညီပေးနိုင်ရေးအတွက် ယခုကဲ့သို့ တစ်နှစ်တာ ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးလျက်ရှိသဖြင့် ဝမ်းမြောက်ပီတိဖြစ်မိပါသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ပြီးဖြစ်ရာ ယခုအခါ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများ စတင်ပေးအပ်နေသည်ကို တွေ့ရသည်။ ထောက်ပံ့ငွေများပေးအပ်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အတိုင်း သက်ဆိုင်ရာနယ်မြေအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများအားလုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့သူများမရှိစေရေး၊ စနစ်တကျ ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး၊ ကောက်ယူထားသည့်စာရင်းတွင်မပါဝင်ဘဲ ယာယီနေရပ်စွန့်ခွာနေရသူများ၏စာရင်းကိုလည်း စိစစ်ကောက်ယူ၍ ထပ်မံတင်ပြတောင်းခံသွားရေးတို့ကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့သို့ ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူ ၁၅၅၈၈ ဦးအတွက် ငွေကျပ် ၃၁၁၇ သိန်းကျော်၊ ကလောခရိုင်အတွင်းသို့ ယာယီနေရပ်စွန့်ခွာသူ စုစုပေါင်း ၂၃၀၃၈ ဦးတို့အတွက် ငွေကျပ် ၄၆၀၇ သိန်းကျော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်တို့သို့ရောက်ရှိလာသော ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေတစ်ဦးလျှင် ကျပ်ငွေ နှစ်သောင်းနှုန်း ထောက်ပံ့ပေးအပ်ခဲ့သည်ကို တွေ့ရသည်။ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာ တိုင်းရင်းသားပြည်သူများအား သဘာဝဘေးစီမံခန့်ခွဲမှုရန်ပုံငွေများမှ ထောက်ပံ့ငွေများပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရောက်ရှိလာကြသော ယာယီနေရပ်စွန့်ခွာကြရသည့်ပြည်သူများ သိန်းနှင့်ချီ၍ရှိနေမည်ဖြစ်သည်။ အကြမ်းဖက်သောင်းကျန်းသူများ၏ တိုင်းရင်းသားပြည်သူများအပေါ် စာနာထောက်ထားမှုမရှိဘဲ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူများ အတိဒုက္ခရောက်ကြပြီး ယာယီနေရပ်စွန့်ခွာကြရသည့် ဒုက္ခများမှာ ကြီးမားလှသည်။ နိုင်ငံတော်အနေဖြင့် အမြောက်အမြားရှိသော ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အတတ်နိုင်ဆုံး ထောက်ပံ့ကူညီမှုသည် မိသားစုတစ်စုအတွက် သင့်တင့်လျောက်ပတ်သည့် အထောက်အပံ့တစ်ခုကိုရရှိမည်ဖြစ်သည်။ မိမိတို့၏တိုင်းရင်းသားညီအစ်ကိုမောင်နှမများဖြစ်ကြသည့် ယာယီနေရပ်စွန့်ခွာကြရသော ပြည်သူများအား စာနာထောက်ထားဖေးမမှုများ ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးဇော်ဦးအား အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဦးအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး/ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့် ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆) ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး ၃၀% နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၃%၊ Working Capital ၁၀၀% အသုံးပြုမည့် ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance–CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၅ % တို့ဖြင့် ချေးငွေများ လျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"မရိုးနိုင်သော ကောလာဟလများ"** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက် PDF တွေလား ဘာသာမဲ့အစွန်းရောက်တွေလား"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## ၁၈ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၄၉၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၅၀၀ | ၃၉၇ | ၂,၉၃၃,၁၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၁,၈၇၀ | ၅,၅၂၂,၅၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၉ | ၇၁,၁၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၁၁၀ | ၂၀၃,၅၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၁,၀၀၀ | ၁,၆၂၅,၀၀၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၁၂၀ | ၄၇၅,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၁၉၂ | ၆၁၂,၉၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၁၅ | ၄၅,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၆/ ၂၀၂၄-၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ- ၁ ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက် အမှာစကားပြောကြားသည်။

**ပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ အနေဖြင့် ဥပဒေဆိုင်ရာ အခြေခံသဘောတရားများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ပြီး သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီး၌ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေကို နိုင်ငံ့ဝန်ထမ်းတိုင်း သိရှိနားလည်လိုက်နာမှသာ မိမိတို့ လုပ်ကိုင်ဆောင်ရွက်မှုများသည် ဥပဒေနှင့်အညီ အကျိုးရှိသည့် မှန်ကန်ထိရောက်သော လုပ်ရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး သင်တန်းကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၇ ရက်အထိ သင်တန်းသား သင်တန်းသူ ၅၃ ဦးဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲစတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၁၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က) အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။



**ယှဉ်ပြိုင်**

(က)အဆင့် ပြိုင်ပွဲတွင် စစ်တက္ကသိုလ် စစ်တီးဝိုင်းအသင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ကော်မတီမှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ ရုံး၊ ဌာနများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး



**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃၇)ရပ်ကွက် ပင်လုံလမ်းနှင့် စုပေါင်းရုံးလမ်းရှိ ရုံး၊ ဌာနများဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့၌ ယမန်နေ့မွန်းလွဲပိုင်းတွင် မြို့နယ်မီးသတ် ဦးစီးဌာနမှ တာဝန်ရှိသူများက မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ သန္တေမီးသတ်တပ်ဖွဲ့ဝင်ငါးဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင်သုံးဦးဖြင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ဒဂုံမြောက်)**

☆ ရွှေဖုံးမှ

ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးသီးနှံ ၉၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲကြီးသီးနှံစိုက်ခင်းများကို ဒေသခံတောင်သူများက ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နည်းပညာများပံ့ပိုးကူညီ**

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီးသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး ၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲရေး ၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနှင့် သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး စသည့် တောင်သူပညာပေးလုပ်ငန်းများအပြင် သီးနှံရိတ်သိမ်းခြွေလှေ့ချိန်တွင်လည်း အထွက်နှုန်းလျော့နည်းမှုမရှိစေရေးအတွက် အချိန်မီ သီးနှံရိတ်သိမ်းခြွေလှေ့နည်းပညာနှင့် ရိတ်သိမ်းပြီးသီးနှံများ အရည်အသွေးကောင်းမွန်စေရန် အမိုးအကာများအောက်တွင် စနစ်တကျ ထားသိုသိမ်းဆည်းနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးသီးနှံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးခြင်းနှင့် အထွက်နှုန်းများတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားရေရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံသည်များကို ရောင်းချနိုင်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

○ ကျွန်းလှမြို့နယ်မှ

အဆိုပါ ပဲစင်းငုံစိုက်ပျိုးသော တောင်သူများအား ဒေသရာသီဥတုနှင့်ကိုက်ညီပြီး ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိသည့် ဈေးကွက်ဝင်အထွက်ကောင်းမျိုးများ ဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးကွင်းသရုပ်ပြပွဲပြုလုပ်ခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့သည်။

ကျွန်းလှမြို့နယ်၌ စပါးအပြင် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ၂၀၂၄ - ၂၀၂၅ ခုနှစ် ပဲမျိုးစုံစိုက်ပျိုးမှုအဖြစ် မိုးရာသီတွင် ဧက ၁၆၉၅၀၊ ဆောင်းရာသီတွင် ၂၁၉၀၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ရုံးခွန်အက်ဥပဒေ(The Court Fees Act)ကို ပြင်ဆင်သည့်ဥပဒေအား သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃ /၂၀၂၅ ဖြင့် ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဥပဒေသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ စတင်အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

# ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃/၂၀၂၅)**
**၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်**
**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၃။ ရုံးခွန်အက်ဥပဒေ ဇယား ၁ ၏ အမှတ်စဉ် ၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**SCHEDULE I**

**AD VALOREM fees**

| Number | | Proper Fee |
|---|---|---|
| 1. Plaint, written statement pleading set-off or counter claim or,memo-randum of appeal (not otherwise provided for in this Act) or of cross-objection presented to any Civil Court or Revenue authority except those mentioned in section 3. | (a) When the amount or value of the subject matter in dispute does not exceed 100,000,000 Kyats (Hundred Million Kyats); | – 0.5 per centum on the amount or value specified in such document. |
| | (b) When such amount or value exceeds 100,000,000 Kyats (Hundred Million Kyats), up to 1,000,000,000 Kyats (One Billion Kyats); | – 1,000,000 Kyats (Ten Hundred Thousand Kyats) Fixed Fees. |
| | (c) When such amount or value exceeds 1,000,000,000 Kyats (One Billion Kyats), up to 3,000,000,000 Kyats (Three Billion Kyats); | – 1,500,000 Kyats (Fifteen Hundred Thousand Kyats) Fixed Fees. |
| | (d) When such amount or value exceeds of 3,000,000,000 Kyats (Three Billion Kyats). | – 3,000,000 Kyats (Thirty Hundred Thousand Kyats) Fixed Fees. Provided that the maximum fee leviable shall be Kyat 3,000,000 (Thirty Hundred Thousand Kyats). |

၄။ ရုံးခွန်အက်ဥပဒေ ဇယား ၁ ၏ အမှတ်စဉ် ၁၁ နှင့် ၁၂ တို့ပါ ထိုက်သင့်သော ရုံးခွန်စာတိုင်တွင် ပါရှိသော “kyat 500,000” ဆိုသည့် စကားရပ်ကို “kyat 3,000,000 (Thirty Hundred Thousand Kyats)” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် သိုင်းအားကစားအဖွဲ့ချုပ်နှင့် လက်ဝှေ့အားကစားအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ သိုင်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့်အဖွဲ့အား နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ဥက္ကဋ္ဌဦးရဲမြင့်နှင့် အဖွဲ့သည် မြန်မာ့သိုင်းအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ လာမည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှုရရှိစေရေး ကြိုတင်ပြင်ဆင်နေမှုအပါအဝင် အဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးမှုများ အပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ မြန်မာ့ရိုးရာသိုင်း အားကစားနည်း မတိမ်ကောမပပျောက်စေရေးနှင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးတို့အတွက် ဆက်လက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလက်ဝှေ့ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် ဦးကိုကိုအောင်တို့က (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး အတွက် စခန်းဝင်လေ့ကျင့်နေမှုနှင့် စီစဉ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက် ဆွေးနွေးပြောကြားသည်။

ဆွေးနွေးမှုများ အပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲနှင့် မိမိတို့ဝန်ကြီးဌာန၏ လိုလားချက်၊ မျှော်မှန်းချက်ဖြစ်သည့် မြန်မာ့အားကစား တိုးတက်မြင့်မားစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ အားကစားသမားများကိုပြောင်းလဲလာသည့် နည်းစနစ်များအပေါ် အားသာချက်ရှိအောင် ကြိုတင်ပြင်ဆင်ပြီး လေ့ကျင့်သင်ကြားပေးသွားကြမည် ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တီးတိန်မြို့ အမှတ်(၁) စံကိုက်ညီကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တီးတိန် ဖေဖော်ဝါရီ ၁၈**

ချင်းပြည်နယ် တီးတိန်မြို့ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁ )စံကိုက်ညီကျောင်းဆောင်တွင် ယနေ့နံနက် ၁၀ နာရီက အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းက အမှာစကားပြောကြားကာ စက်မှုလက်မှုသိပ္ပံ(တီးတိန်)မှ ကျောင်းအုပ်ကြီးဦးထန်ကိမ်းခိုင်က တီးတိန်မြို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(တီးတိန်)သင်တန်းကျောင်းတို့ကို မိတ်ဆက်ဟောပြောပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ခံတို့က စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာများ ဟောပြောကြသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**မိုးမိုး**



ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၄/၂၀၂၅)**
၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု** ဆိုသည်မှာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ရုံး၊ နေအိမ်၊ သိုလှောင်ရုံ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ ဘဏ်၊ ကျောင်း၊ ဈေး၊ ဆေးရုံ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ အများပြည်သူဆိုင်ရာအခမ်းအနား သို့မဟုတ် သာသနိကနေရာအပါအဝင် မည်သည့်နေရာတွင်မဆို လူပုဂ္ဂိုလ်နှင့် ပစ္စည်းလုံခြုံရေးအတွက် ပုဂ္ဂလိကဆောင်ရွက်သည့် ဝန်ဆောင်မှုကို ဆိုသည်။

( ဂ ) **ဝန်ဆောင်မှုရယူသူ** ဆိုသည်မှာ လိုင်စင်ရရှိသူထံမှ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုရယူသူကို ဆိုသည်။

(ဃ) **လိုင်စင်** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို အခကြေးငွေရယူ၍ လုပ်ကိုင်ရာတွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခြင်းကိုပါ ဆောင်ရွက်နိုင်သည့် ဤဥပဒေအရ ခွင့်ပြုပေးသောလိုင်စင်ကို ဆိုသည်။

( င ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း ခန့်အပ်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသောခွင့်ပြုမိန့်ကို ဆိုသည်။

( စ ) **ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးရန် သတ်မှတ်ချက်များနှင့်အညီ ခန့်ထားသည့်ဝန်ထမ်းကို ဆိုသည်။ ယင်းစကားရပ်တွင် ခွင့်ပြုမိန့်ရရှိသူက လုံခြုံရေးတာဝန်ထမ်းဆောင်ရန် သတ်မှတ်ချက်များနှင့်အညီ ခန့်ထားသည့် ဝန်ထမ်းလည်း ပါဝင်သည်။

(ဆ) **လုံခြုံရေးအထောက်အကူပြုပစ္စည်း** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတွင် အသုံးပြုရန် တည်ဆဲဥပဒေများနှင့်အညီ ဗဟိုကော်မတီက ခွင့်ပြုထားသော ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ နည်းပညာဆိုင်ရာ လုံခြုံရေးအထောက်အကူပြုပစ္စည်းများနှင့် လုံခြုံရေးနှင့် သက်ဆိုင်သောပစ္စည်းများကို ဆိုသည်။

( ဇ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

( ဈ ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီကို ဆိုသည်။

(ည) **ကြီးကြပ်ကွပ်ကဲရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေး ကော်မတီကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုသည် နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးတို့ကို အထောက်အကူပြုစေရန်၊

( ခ ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအား နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

( ဂ ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်သက်ဆိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကို လွဲမှားစွာအသုံးပြုခြင်းမရှိစေရေး စနစ်တကျကြီးကြပ်နိုင်ရန်၊

( င ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

**အခန်း(၃)**
**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေး ဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

( ၁ ) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

( ၂ ) ရဲချုပ် — ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

( ၃ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

( ၄ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတင်းအချက်အလက်နှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

( ၅ ) ကာကွယ်ရေးဝန်ကြီးဌာနမှ — အဖွဲ့ဝင်
ကိုယ်စားလှယ်(၁)ဦး

( ၆ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

( ၇ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

( ၈ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

( ၉ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမားဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၁၅) ဒုတိယရဲချုပ် — အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(၁၆) ရဲဦးစီးအရာရှိချုပ် — တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) လိုအပ်ပါက ဗဟိုကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒချမှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း၊

(ဂ) လိုအပ်သည့် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဃ) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခွင့်ပြုရန် ကြီးကြပ်ကွပ်ကဲရေးကော်မတီမှတစ်ဆင့် တင်ပြပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(င) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုတွင် အသုံးပြုရန်လိုအပ်သည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(စ) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရာတွင် လိုအပ်ချက်အရ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လျှောက်ထားလာပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ တင်ပြ၍ သဘောထားရယူခြင်း၊

(ဆ) လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးကြေး၊ ဝန်ဆောင်ခ၊ လိုင်စင်စည်းကမ်းချက်များနှင့် ခွင့်ပြုမိန့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

( ဇ ) လိုင်စင်ပိတ်သိမ်းခြင်း၊ လိုင်စင်ပယ်ဖျက်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဈ) လိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် တင်ပြမှုအပေါ် စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

**စာမျက်နှာ ၆ သို့** ☆

☆ စာမျက်နှာ ၅ မှ

(ည) ခွင့်ပြုမိန့်လျှောက်ထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် တင်ပြမှုအပေါ် စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဋ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ပေါ်ထွန်းလာစေရန် အားပေးကူညီခြင်း၊

(ဍ) လိုင်စင်ရရှိသူ၏ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း ဖွဲ့စည်းမှုအင်အားကို စိစစ်ခွင့်ပြုခြင်း၊

(ဎ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို အတည်ပြုပေးခြင်း၊

(ဏ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအတွက် ပေးဆောင်ရမည့်အခကြေးငွေကို အခါအားလျော်စွာ သတ်မှတ်ပေးခြင်း၊

(တ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၄)
## ကြီးကြပ်ကွပ်ကဲရေးကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ဗဟိုကော်မတီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ကွပ်ကဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မန်နေဂျာ<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး<br>ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ<br>ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး<br>မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၄) | ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

(ခ) ပြည်ထောင်စုနယ်မြေ ကြီးကြပ်ကွပ်ကဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီဥက္ကဋ္ဌက<br>တာဝန်ပေးအပ်သည့်ကောင်စီဝင် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>နေပြည်တော် | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၄) | နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ<br>ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (၅) | အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး<br>မီးသတ်ဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုနယ်မြေအခွန်ဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၁၂) | ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၁၃) | တပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၄) | ဦးစီးအရာရှိ (ပထမတန်း)(ဦး၊ ရေး၊ ထောက်)<br>နေပြည်တော်ရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

(ဂ) လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ပြည်ထောင်စုနယ်မြေ ကြီးကြပ်ကွပ်ကဲရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးပေးခြင်း၊

(ဂ) စည်းကမ်းဖောက်ဖျက်သော သို့မဟုတ် သတ်မှတ်ချက်နှင့်ညီညွတ်မှုမရှိသော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခြင်း၊

(ဃ) လိုင်စင်ရရှိသူများ စနစ်တကျဝန်ဆောင်မှုပေးနိုင်ရေးနှင့် စည်းကမ်းတကျဖြစ်စေရေးအတွက် ကွင်းဆင်းစစ်ဆေးကြပ်မတ်ခြင်း၊

(င) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခွင့်ပြုရန် တင်ပြသည့်အခါ သတ်မှတ်ချက်နှင့်အညီ စိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(စ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းတွင် လေ့ကျင့်သင်ကြားမှုများကို စစ်ဆေးခြင်းနှင့် လိုအပ်ပါက သင်တန်းပို့ချပေးခြင်း၊

(ဆ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဇ) လိုင်စင်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းတို့နှင့်စပ်လျဉ်း၍ လိုင်စင်မိတ္တူ လျှောက်ထားမှုအပေါ် စိစစ်၍ ခွင့်ပြုခြင်း၊

(ဈ) ခွင့်ပြုမိန့်လျှောက်ထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ည) ခွင့်ပြုမိန့်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းတို့နှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်မိတ္တူ လျှောက်ထားမှုအပေါ် စိစစ်၍ ခွင့်ပြုခြင်း၊

(ဋ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အားပြောင်းလဲမှုကို တင်ပြသည့်အခါ ဗဟိုကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(ဌ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)
## လိုင်စင်လျှောက်ထားခြင်း

၈။ လိုင်စင်လျှောက်ထားသူသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) နိုင်ငံခြားကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ရရှိပြီး ဖြစ်ရမည်။

(ဂ) နိုင်ငံတော်၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေသည့် ကျော်စောသတင်းရှိသောကုမ္ပဏီ မဖြစ်စေရ။

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေစဉ်အတွင်း လုပ်ငန်းအာမခံအဖြစ် မြန်မာ့စီးပွားရေးဘဏ်၌ အနည်းဆုံး ငွေကျပ်သိန်းတစ်ထောင်၊ နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ငွေကျပ်သိန်းတစ်ထောင်နှင့်ညီမျှသည့် နိုင်ငံခြားသုံးငွေကို စာရင်းသေအပ်ငွေအဖြစ် အပ်နှံထားရှိရမည်။

၉။ လိုင်စင်လျှောက်ထားလိုသူသည် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ အောက်ပါအချက်အလက်များ ဖော်ပြလျှောက်ထားရမည်-

(က) လျှောက်ထားသူ၏ အမည်၊

(ခ) ကိုယ်ရေးအကျဉ်း၊

(ဂ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ၊

(ဃ) ကုမ္ပဏီအမှတ်တံဆိပ်၊

(င) ဒါရိုက်တာအဖွဲ့အမည်စာရင်း၊

(စ) ကုမ္ပဏီ၏ ရည်ရွယ်ချက်၊

(ဆ) ကုမ္ပဏီ၏ လုပ်ငန်းစဉ်၊

(ဇ) ခန့်ထားလိုသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား(ကျား၊ မ)နှင့် လုံခြုံရေးဝန်ထမ်း၏ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၇ မှ

(ဆ) ခန့်ထားလိုသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား(ကျား၊ မ)နှင့် လုံခြုံရေးဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊

(ဇ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ် အဆိုပြုအမျိုးအစား သုံးမျိုး၊

(ဈ) လျှောက်ထားသည့်ရက်စွဲ၊

(ည) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့်အချက်အလက်များ။

၂၂။ ပုဒ်မ ၂၁ နှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားလာပါက-

(က) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ခွင့်ပြုမိန့်လျှောက်ထားချက်အား သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

(ခ) ဗဟိုကော်မတီသည် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ဗဟိုကော်မတီက ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုလျှင် လျှောက်ထားသူကို သတ်မှတ်ထားသည့် ဝန်ဆောင်ခပေးသွင်းစေပြီး ခွင့်ပြုမိန့် ထုတ်ပေးရမည်။

၂၃။ ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် ပုဒ်မ ၁၆ ပုဒ်မခွဲ(ဃ)ပါ အရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ ရွေးချယ်ခန့်ထားရမည်။

(ခ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် လိုင်စင်ရရှိသူက ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းသို့ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ရမည်။

(ဂ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားခြင်း သို့မဟုတ် လျှော့ချခြင်းကြောင့် ပြောင်းလဲမှုရှိပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအား ဗဟိုကော်မတီက အတည်ပြုပေးထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ဝတ်ဆင်အသုံးပြုစေရမည်။

(င) ခွင့်ပြုမိန့်ကို မိမိလုပ်ငန်းနေရာတွင် အများပြည်သူမြင်သာသည့်နေရာ၌ ချိတ်ဆွဲထားရမည်။

(စ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံနှင့် တာဝန်ထမ်းဆောင်မှုမှတ်တမ်းကို စနစ်တကျမှတ်တမ်းထားရှိရမည်။

(ဆ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း လိုက်နာရမည့်စည်းကမ်းချက်များနှင့် စည်းကမ်းဖောက်ဖျက်ပါက အရေးယူဆောင်ရွက်မည့်အချက်များကို သတ်မှတ်ထားရှိရမည်။

(ဇ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို တာဝန်ချပေးထားသည့် ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲ၏ တည်နေရာနှင့် တာဝန်ချထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းဦးရေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

(ဈ) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာရမည်။

၂၄။ ခွင့်ပြုမိန့်၏ သက်တမ်းသည် ခွင့်ပြုမိန့်ထုတ်ပေးသည့်နေ့ရက်မှစ၍ သုံးနှစ်ဖြစ်သည်။

၂၅။ (က) ခွင့်ပြုမိန့်ရရှိသူသည် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို ဆက်လက်ခန့်ထားလိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

(ဂ) သက်တမ်းတိုးရန်ပျက်ကွက်ပါက ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့် နေ့ရက်မှစ၍ ခွင့်ပြုမိန့်အား ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၆။ ပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)အရ ခွင့်ပြုမိန့်ပယ်ဖျက်ခြင်းခံရသူသည် ပုဒ်မ ၂၁ နှင့်အညီ ခွင့်ပြုမိန့်ကို ထပ်မံလျှောက်ထားနိုင်သည်။

၂၇။ (က) ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း ဖြစ်ပေါ်ခဲ့လျှင် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်မိတ္တူ လျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ပုဒ်မခွဲ(က)အရ ခွင့်ပြုမိန့်လျှောက်ထားလာပါက စိစစ်၍ သတ်မှတ်ထားသည့်ဝန်ဆောင်ခကို ပေးသွင်းစေပြီး ခွင့်ပြုမိန့်မိတ္တူထုတ်ပေးရမည်။

## အခန်း(၈)

## ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၂၈။ (က) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည်-

(၁) သက်ဆိုင်ရာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီ၊ ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲက တာဝန်ပေးသည့်နေရာတွင်သာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကို ဆောင်ရွက်ရမည်။

(၂) သတ်မှတ်ထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ပြည့်စုံစွာ ဝတ်ဆင်ရမည်။

(၃) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်ရာတွင် လိုင်စင်ရရှိသူက သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းကိုသာ ကိုင်ဆောင်ရမည်။

(၄) လုပ်ငန်းလိုအပ်ချက်အရ လိုင်စင်ရရှိသူက သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းကို လက်နက်ဥပဒေ၊ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူ၊ တည်ဆဲဥပဒေများနှင့်အညီ ကိုင်ဆောင်ရမည်။

(၅) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်နေသည့် နေရာ၊ အဆောက်အအုံ သို့မဟုတ် ပရဝုဏ်အတွင်း ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရန်လိုအပ်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ပြီး နီးစပ်ရာရဲစခန်းသို့ ချက်ချင်း အကြောင်းကြားခြင်းနှင့် အပ်နှံခြင်း ပြုရမည်။

(၆) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးနေသည့် လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေပါက ရာဇသတ်ကြီးနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်။

(၇) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အတွင်း နိုင်ငံတော်၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် သတင်းတစ်စုံတစ်ရာကို ရရှိလျှင် အနီးဆုံးရဲစခန်းသို့ သတင်းပေးပို့ရမည်။

(ခ) ခွင့်ပြုမိန့်ရရှိသူက ခန့်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည် ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃) နှင့် (၄)တို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း(၉)

## အငြင်းပွားမှုများ ဖြေရှင်းခြင်း

၂၉။ လိုင်စင်ရရှိသူနှင့် ဝန်ဆောင်မှုရယူသူတို့အကြား အငြင်းပွားမှုပေါ်ပေါက်လာပါက-

(က) နှစ်ဦးနှစ်ဖက် ဦးစွာညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ညှိနှိုင်းဖြေရှင်း၍မရပါက စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်သည်။

## အခန်း(၁၀)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၀။ (က) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် လိုင်စင်ရရှိသူက ပုဒ်မ ၁၆ တွင် ဖော်ပြထားသည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၂၃ တွင် ဖော်ပြထားသည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) သတိပေးခြင်း၊

(၂) သတ်မှတ်ချက်များနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(၃) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ထပ်မံပျက်ကွက်ပါက လိုင်စင်ကို ပယ်ဖျက်ခြင်း၊ ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း သို့မဟုတ် အမည်ပျက်စာရင်းထည့်သွင်းပြီး လိုင်စင်ကိုပယ်ဖျက်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း ပြစ်ဒဏ်ချမှတ်ရမည်။

၃၁။ ပုဒ်မ ၃၀ အရ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီက ချမှတ်သောအမိန့်ကို ကျေနပ်မှုမရှိသူသည် ယင်းအမိန့်ကို ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ အယူခံဝင်နိုင်သည်။

၃၂။ ဗဟိုကော်မတီသည် ပုဒ်မ ၃၁ အရ အယူခံမှုအပေါ် လိုအပ်ပါက စုံစမ်းစစ်ဆေးမှုထပ်မံပြုလုပ်ပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၃။ ပုဒ်မ ၃၂ အရ ချမှတ်သော ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၁)

## တားမြစ်ချက်များ

၃၄။ မည်သူမျှ-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

(ခ) ခွင့်ပြုမိန့်မရှိဘဲ ကိုယ်ပိုင်လုပ်ငန်းနှင့် လုပ်ငန်းခွဲအတွက် လုံခြုံရေးဝန်ထမ်းစုစုပေါင်း ၁၀ ဦး ထက်ပို၍ ခန့်ထားခြင်းမပြုရ။

၃၅။ လိုင်စင်ရရှိသူသည် ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် လက်ဝယ်ထားခြင်း မပြုရ။

၃၆။ မည်သူမျှ -

(က) လိုင်စင်လျှောက်ထားရာတွင် အချက်အလက်များကို မမှန်မကန်ဖော်ပြခြင်း မပြုရ။

(ခ) လိုင်စင်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာခြင်း မပြုရ။

၃၇။ လိုင်စင်ရရှိသူသည် လိုင်စင်အရဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းဖွင့်လှစ်ခြင်း လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ လိုင်စင်ကိုဖြစ်စေ အခြားသူအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။

၃၈။ လိုင်စင်ရရှိသူသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းကို လူနေထူထပ်သော မြို့ပြဧရိယာအတွင်း ဖွင့်လှစ်ခြင်းမပြုရ။

၃၉။ လိုင်စင်ရရှိသူ မည်သူမျှ -

(က) မိမိပိုင်ဆိုင်သော လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း မပြုရ။

(ခ) ဝန်ဆောင်မှုရယူသူထံမှ ရရှိထားသော သတင်းနှင့်အချက်အလက်များကို အခြားသူထံသို့ ထုတ်ဖော်ပြောဆိုခြင်း၊ အသိပေးခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်း မပြုရ။

(ဂ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ကြော်ငြာစာ သို့မဟုတ် ပုံနှိပ်စာရွက်စာတမ်းတစ်ခုခုကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကဲ့သို့ ဆင်တူယိုးမှားဖော်ပြခြင်း မပြုရ။

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်ရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ရပ်ရပ်ကဲ့သို့ အယောင်ဆောင်ခြင်း သို့မဟုတ် မိမိတာဝန်ပေးအပ်ထားသည့် ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်းက ယင်းကဲ့သို့ အယောင်ဆောင်စေရန် ခွင့်ပြုခြင်း၊ ကူညီခြင်း၊ အားပေးခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း မပြုရ။

(င) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ သို့မဟုတ် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုက နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အကြောင်းကြားပါက ငြင်းပယ်ခြင်းမပြုရ။

(စ) ခွင့်ပြုထားခြင်းမရှိသည့် ဝတ်စုံ၊ တံဆိပ်နှင့်အဆင့်တံဆိပ်၊ လုံခြုံရေးအထောက်အကူပြုပစ္စည်း သို့မဟုတ် ယာဉ်ကို သုံးစွဲခြင်းမပြုရ သို့မဟုတ် မိမိတာဝန်ပေးအပ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအား သုံးစွဲစေရန် ခွင့်မပြုရ။

၄၀။ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည်-

(က) ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေစဉ် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် သတင်းတစ်စုံတစ်ရာကိုရရှိလျှင် အနီးဆုံးရဲစခန်းသို့ သတင်းပို့ရန် ပျက်ကွက်ခြင်း မရှိစေရ။

စာမျက်နှာ ၉ သို့ ☆

☆ စာမျက်နှာ ၈ မှ

(ခ) နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း လိမ်လည်ပြောဆိုခြင်း၊ အယောင်ဆောင်ခြင်း သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုမူပြောဆိုခြင်း မပြုရ။

(ဂ) သတ်မှတ်ခွင့်ပြုထားသည့် ဝတ်စုံ၊ လုံခြုံရေးအထောက်အကူပြုပစ္စည်းနှင့် ယာဉ်တို့ကို တာဝန်နှင့်သက်ဆိုင်ခြင်းမရှိသည့် နေရာတွင်ဖြစ်စေ၊ လုပ်ငန်းများတွင်ဖြစ်စေ အသုံးပြုခြင်းမပြုရ။

(ဃ) မိမိကိုပေးအပ်ထားသည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ၊ အခြားသူတစ်ဦးဦး၏ လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ငှားယူခြင်း မပြုရ။

(င) ဝန်ဆောင်မှုရယူသူထံမှရရှိထားသော သတင်းနှင့်အချက်အလက်များကို အခြားသူထံသို့ ထုတ်ဖော်ပြောဆိုခြင်း၊ အသိပေးခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်းမပြုရ။

၄၁။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲများအတွက်ခန့်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို အခြားသူတစ်ဦးဦးအတွက် လုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်း မပြုရ။

( ခ ) ခွင့်ပြုမိန့်ကို အခြားသူအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။

## အခန်း(၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၄၂။ မည်သူမဆို ပုဒ်မ ၃၄ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ်သိန်းတစ်ရာထိ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ်အနည်းဆုံး ကျပ်သိန်းတစ်ထောင်မှ အများဆုံး ကျပ်သိန်းသုံးထောင်ထိ ချမှတ်ရမည်။

၄၃။ မည်သူမဆို ပုဒ်မ ၃၄ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်းတစ်ရာမှ အများဆုံးကျပ်သိန်းငါးရာထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၄။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်းငါးရာထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် အနည်းဆုံးကျပ်သိန်းငါးရာမှ အများဆုံးကျပ်သိန်းတစ်ထောင်ထိ ချမှတ်ရမည်။

၄၅။ လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၃၈ သို့မဟုတ် ပုဒ်မ ၃၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကျပ်သိန်းငါးရာထိ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ်အနည်းဆုံးကျပ်သိန်းငါးရာမှ အများဆုံးကျပ်သိန်းတစ်ထောင်ထိ ချမှတ်ရမည်။

၄၆။ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း မည်သူမဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ်သုံးသိန်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း(၁၃)
## အထွေထွေ

၄၇။ လိုင်စင်ရရှိသူ၊ ဝန်ဆောင်မှုရယူသူ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရာတွင်ဖြစ်စေ၊ ဝန်ဆောင်မှုရယူရာတွင်ဖြစ်စေ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သော လုပ်ငန်းများလုပ်ကိုင်ခြင်း၊ လုပ်ကိုင်ရန် စေခိုင်းခြင်း၊ အားထုတ်ခြင်း၊ အားပေးခြင်း၊ ကူညီခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းပြုလျှင် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၄၈။ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး တရားရုံးက ငွေဒဏ်ချမှတ်ခြင်းခံရလျှင်သော် လည်းကောင်း၊ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီက စီမံခန့်ခွဲရေးနည်းလမ်းအရ ဒဏ်ကြေးငွေပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းရန် သတ်မှတ်ထားသော နိုင်ငံခြားငွေအမျိုးအစားများဖြင့် စာရင်းလွှဲပြောင်းနည်းကို အသုံးပြု၍ နိုင်ငံတော်၏တည်ဆဲ ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးဆောင်ရမည်။

၄၉။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လျက်ရှိသူသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှခြောက်လအတွင်း သတ်မှတ်ချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၅၀။ ဤဥပဒေမပြဋ္ဌာန်းမီက ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားသူသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ ခြောက်လအတွင်း သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားရမည်။

၅၁။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ခြင်းသည် တရားမကြောင်း အရလည်းကောင်း၊ ရာဇဝတ်ကြောင်းအရလည်းကောင်း အရေးယူခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၅၂။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ကိုင်သည့် ကုမ္ပဏီသည် အခွန်ဆိုင်ရာကိစ္စအရပ်ရပ်ကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၅၃။ လိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူသည် ဗဟိုကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၅၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း WHO မှ ဌာနေကိုယ်စားလှယ် Mr. Thushara Fernando နှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Thushara Fernandoနှင့် အဖွဲ့အား ယနေ့ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် WHO အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ၂၀၂၅ ခုနှစ်အတွင်း ဝန်ကြီးဌာနမှ ဦးစားပေးဆောင်ရွက်မည့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် ဝန်ကြီးဌာနနှင့် WHO တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တာဝန်ရှိသူများတက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ WHO ရုံးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန် ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်**

တွေ့ဆုံစဉ်မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တရုတ်ဘာသာစကားပြော HSK-2 သင်တန်းဆင်းပွဲ ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် နိုင်ငံခြားဘာသာစကားစွမ်းရည်များ မြင့်မားလာစေရန် ရည်ရွယ်၍ တရုတ်ဘာသာစကားပြော HSK-2 သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့ ဖူးကျင့် နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်ဘာသာစကားပြော HSK-2 သင်တန်းကို ဝန်ထမ်းများအတွက် သုံးလကြာဖွင့်လှစ်ပေးခဲ့ကြောင်း၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရေးအတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများကိုလည်း စေလွှတ်တက်ရောက်စေလျက်ရှိကြောင်း၊ တရုတ်ခရီးသွားများအနေဖြင့် အရှေ့တောင်အာရှဒေသ၊ ဥရောပ၊ ရုရှားနှင့် ဂျပန်နိုင်ငံတို့ကို အများဆုံးလည်ပတ်ကြပြီး မြန်မာနိုင်ငံအနေဖြင့် ယင်းဈေးကွက်ကို ရရှိနိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသို့ ၂၀၂၄ ခုနှစ်အတွင်း ဗီဇာဖြင့် အများဆုံး လာရောက်လည်ပတ်ခဲ့သည့် ပြည်ပခရီးသွား ဧည့်သည်ရောက်ရှိမှုစာရင်းတွင် တရုတ်ခရီးသွားဧည့်သည် ရောက်ရှိမှုသည် ထိပ်ဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ တရုတ်ခရီးသွားဈေးကွက်သည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍအတွက် အလားအလာရှိသော ခရီးသွားဈေးကွက်ဝင်နိုင်ငံတစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသား ဝန်ထမ်းများအနေဖြင့် မိမိတို့သင်ယူတတ်မြောက်ခဲ့သော ဘာသာစကားများ၊ ဘာသာရပ်များဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးမြို့ ဖူးကျင့် နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ကြီးက တရုတ်ဘာသာစကားပြော HSK-2 သင်တန်းဖွင့်လှစ်သင်ကြားခဲ့မှုနှင့် သင်တန်းထပ်မံဖွင့်လှစ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဖူးကျင့် နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ၊ ထူးချွန်ဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်အတွင်း သီးနှံဖွံ့ဖြိုးရေးနှင့် ဒေသထွက်ကုန်ဖွံ့ဖြိုးရေး ကွင်းဆင်းစစ်ဆေး



**တပ်ကုန်း ဖေဖော်ဝါရီ ၁၈**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ် သာယာအေးကျေးရွာ၌ ရာဂီမုန်တိုင်းအလွန် ပြန်လည်စိုက်ပျိုးထားရှိသည့် စိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရာဂီမုန်တိုင်းအလွန် မတ်ပဲ၊ ကုလားပဲနှင့် မြေပဲခင်းများ ပြန်လည်စိုက်ပျိုးထားရှိသည့် အခြေအနေများ၊ ဆည်ရေပေးဝေရောက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က တောင်သူများအနေဖြင့် သဘာဝဘေးဒဏ်ခံရမှု နည်းပါးစေရေး သစ်ပင်နှင့် သစ်တောများကို တန်ဖိုးထားရန်၊ ကျေးရွာအုပ်စုများတွင် ပျိုးဥယျာဉ်နှင့် ထင်းစိုက်ခင်းများ ဆောင်ရွက်ထားရှိရန်၊ လယ်ယာမြေများတွင် သဘာဝမြေဆီများ ပြုလုပ်သုံးစွဲရေးနှင့် မျိုး၊ မြေ၊ ရေ၊ နည်းစနစ်များဖြင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် အောင်မြေရိပ်သာကျေးရွာ၌ ရေအရင်းအမြစ်ဌာနမှ ဆောင်ရွက်ထားရှိသည့် ဆိုလာတစ်ချပ်လျှင် 680 W ရှိ ဆိုလာလေးချပ်ဖြင့် သုံးလက်မ အဝင်၊ သုံးလက်မ အထွက် ရေစုပ်ပန့်ဖြင့် စိုက်ပျိုးရေတင်စနစ် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော် ရေအရင်းအမြစ်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ဆိုလာရေတင်စနစ် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အကျိုးပြုကေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်က ဆိုလာရေတင်စနစ်ဖြင့် ကြက်သွန်စိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် ကျေးချောင်းကျေးရွာ ကွင်းအမှတ်(၁၂၉၆) တောင်သူ ဦးကျော်ငွေ၏ လယ်မြေ၌ အစေ့ချစနစ်ဖြင့် နွေစပါး ထိုင်းနံ့ကောက် စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည့်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# သာကေတမြို့နယ် ဌာနဆိုင်ရာရုံးများ၌ မီးဘေးလုံခြုံရေးစစ်ဆေး



**သာကေတ ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိ၊ သတိပေးနှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေးအတွက် ရပ်ကွက်အလိုက် မြေပြင်ကွင်းဆင်း၍ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းတွင် သာကေတမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်း ဦးဆောင်၍ စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးနှင့် မြို့နယ်ကော်မရှင်ရုံးများ၌ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သည့်အဖွဲ့က မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**

# ဖျာပုံမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးစစ်ဆေး



**ဖျာပုံ ဖေဖော်ဝါရီ ၁၈**

ဧရာဝတီ တိုင်းဒေသကြီး ဖျာပုံခရိုင် မီးသတ်ဦးစီးမှူး ဦးဆောင်မှုဖြင့် ဖျာပုံမြို့နယ် မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များ၌ ယနေ့မွန်းလွဲပိုင်းတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်သည်။

**ကြိုတင်ကာကွယ်**

ထိုသို့ ဆောင်ရွက်ရာတွင် ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အလျင်အမြန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စက်သုံးဆီ အရောင်းဆိုင်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး မီးသတ်ဆေးဘူးနှင့် မီးသတ်ရေကန် ထားရှိမှုအခြေအနေများကို ပြောကြားသည်။

ထို့နောက် ဆီသိုလှောင်ကန်များ ဆီသယ်ယာဉ်များ မီးလောင်မှုဖြစ်ပွားပါက လျင်မြန်စွာမီးငြိမ်းသတ်နိုင်ရေးနှင့် အနီးပတ်ဝန်းကျင်သို့ မီးမကူးစက်စေရန် အအေးပေးစနစ်ဖြင့် အပူရှိန်လျှော့ချခြင်း၊ Foam ဆေးဘူးများထားရှိမှု၊ ရေစုပ်စက်များမှ ရေထွက်အားကောင်း မကောင်း တို့ကို စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**

# အခြေခံပညာအထက်တန်းကျောင်း(မင်းတုန်း)၌ မီးဘေးလုံခြုံရေးစစ်ဆေး



**မင်းတုန်း ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် အထက(မင်းတုန်း)၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ငါးဦးက မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယမန်နေ့ ညနေ ၃ နာရီက ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် စာသင်ကျောင်းအတွင်းရှိ မီးသတ်ဆေးဘူးများ၊ မီးသတ်ရေလှောင်ကန်များ၊ အမြင့်တင်ရေလှောင်ကန်များ၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများကို အသင့်အနေအထားဖြစ်စေရန်၊ လျှပ်စစ်မီးသုံးစွဲမှု စနစ်တကျဖြစ်စေရန်နှင့် အမှိုက်များမရှိစေရန်တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရောက်ရှိနေသော ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်




နေပြည်တော် ဖေဖော်ဝါရီ ၁၈

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရောက်ရှိနေသော ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာတွင် သက်ဆိုင်ရာ နယ်မြေအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများ အားလုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင် မပါဝင်ဘဲ ကျန်နေခဲ့ရသူများ မရှိစေရေး၊ စနစ်တကျ ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထောက်ပံ့မှုများကို ပြည်ထောင်စုနယ်မြေအတွင်းတွင် လာရောက်နေထိုင်သည့် အမှန်တကယ် နေရပ်စွန့်ခွာ ပြည်သူများ လက်ဝယ် မှန်ကန်မြန်ဆန်စွာ ရောက်ရှိစေရေး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ခရိုင်/မြို့နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ထောက်ပံ့ပေးအပ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး ယာယီနေရပ်စွန့်ခွာ ပြည်သူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ထောက်ပံ့ငွေ ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများတွင် လာရောက်နေထိုင်သူ လူဦးရေ ၃၇၁၃ ဦး အတွက် ငွေကျပ် ၇၄၂၆၀၀၀၀၊ တပ်နယ်များတွင် လာရောက်နေထိုင်သူ လူဦးရေ ၄၃၆ ဦးအတွက် ငွေကျပ် ၈၇၂၀၀၀၀၊ မြို့နယ် ရှစ်မြို့နယ်တွင် လာရောက်နေထိုင်သူ လူဦးရေ ၅၅၂၃ ဦးအတွက် ငွေကျပ် ၁၁၀၄၆၀၀၀၀ စုစုပေါင်း လူဦးရေ ၉၆၇၂ ဦးအတွက် ငွေကျပ် ၁၉၃၄၄၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

တောင်ကြီး ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များ၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအား နိုင်ငံတော်က ထောက်ပံ့ငွေ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တောင်ကြီးမြို့နယ် အတွင်းရှိ နေရပ်စွန့်ခွာပြည်သူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပြည်သူ ၃၀၇၆၅ ဦးအတွက် တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးအား လည်းကောင်း၊ ရပ်စောက်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူတစ်ဦး လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပြည်သူ ၃၀၉၉ ဦးအတွက် ရပ်စောက်မြို့နယ် အုပ်ချုပ်ရေးမှူးအား လည်းကောင်း ပေးအပ်ခဲ့သည်။

ထို့နောက် တောင်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီးသက်ဦး၊ တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဌေးရွှေ၊ တောင်ကြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခင်မောင်ဝင်း၊ တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သူနှင့် ရပ်စောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးနိုင်တို့က တောင်ကြီးခရိုင်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူ အမျိုးသား ၁၄၇၄၆ ဦး၊ အမျိုးသမီး ၁၉၁၀၉ ဦး စုစုပေါင်း ၃၃၈၅၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၇၇ ဒသမ ၁ သန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ နေရပ်စွန့်ခွာ ပြည်သူများအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ရာ ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် နေရပ်စွန့်ခွာပြည်သူ ၉၇၂၅၃ ဦးအား ဇန်နဝါရီလအတွက် ငွေကျပ် ၁၉၄၅ ဒသမ ၀၆ သန်း ပေးအပ်ခဲ့ကြောင်းနှင့် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ ဆက်လက်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ထားဝယ်မြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်

ထားဝယ် ဖေဖော်ဝါရီ ၁၈

ထားဝယ်မြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းမြတ်သူက မီးဘေးအပါအဝင် အခြားသော ဘေးအန္တရာယ်များအကြောင်း၊ မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအမျိုးမျိုးတွင် အသက်ကယ်နည်းစနစ်များ၊ အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုနည်းများဖြစ်သော ဇီဝကမ္မဗေဒ၊ ခန္ဓာဗေဒဘာသာရပ်များစသည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြများဖြင့် စနစ်တကျ ထိထိရောက်ရောက် လေ့ကျင့်သင်ကြားမည်ဖြစ်ကြောင်း ပြောကြားသည်။



သင်တန်းတွင် သင်တန်းသား ၅၀ အား ဖေဖော်ဝါရီ ၂၈ ရက်အထိ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပြသမည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ညောင်ပင်သာကျေးရွာရှိ ဆန်စက်များ၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကောင်းထက်နိုင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပေါ်လာလျှင် လုပ်ဆောင်ရမည့် နည်းလမ်းများကို သိရှိစေရန်ရည်ရွယ်၍ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

ပြင်ဦးလွင်မြို့ပေါ်ရပ်ကွက်များ၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ဖေဖော်ဝါရီ ၁၈ ရက်တွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)ရှိ White House ဟိုတယ်မှ ဝန်ထမ်းများအား ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်ခြောက်ဦးတို့က မီးဘေးလုံခြုံရေးနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းတို့ ဆောင်ရွက်စဉ်။

ငွေကြယ်





သန်လျင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မျိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၈ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

သန်းဝင်း(သန်လျင်)

## ရေချိုးတာရေး နည်းလမ်းများ

- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ပြည်တွင်းဖြစ် စားသုံးဆီများ စားသုံးကြစို့လား

မျိုးသူ(ကုန်သွယ်မြှင့်)



**❝ နိုင်ငံခြားငွေကိုသုံးစွဲပြီး ပြည်ပမှတင်သွင်းရကာ ဈေးကြီးပေး ဝယ်စားနေရသော စားအုန်းဆီများအစား ပြည်တွင်း၌ထုတ်လုပ်သော မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ပိုမိုစားသုံးခြင်းဖြင့် ပြည်တွင်းစက်မှုကဏ္ဍကို အားပေးရာလည်းရောက်ပါသည်။ ထို့အပြင် အလုပ်အကိုင်အခွင့်အလမ်း များပြားလာခြင်း၊ Supply Chain တစ်ခုလုံး လိုက်ပါလည်ပတ်ပြီး တောင်သူ၊ ကုန်သည်၊ ဆီစက်ပိုင်ရှင်နှင့် စားသုံးသူများအားလုံး အကျိုးကျေးဇူးလည်း တိုးတက်ရရှိလာနိုင် ❞**

### မြန်မာနိုင်ငံ၏ ဆီလိုအပ်မှုအခြေအနေ

လူတစ်ဦး တစ်နေ့ဆီ ၁ ဒသမ ၇ ကျပ်သားနှုန်း စားသုံးသည်ဟု တွက်ပါက လူတစ်ဦးသည် တစ်နှစ်လျှင် ခြောက်ပိဿာစားသုံးပါသည်။ ၂၀၂၄ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ဖြင့်ဆိုပါက တစ်နှစ်လျှင် ဆီတန်ချိန် ငါးသိန်းကျော် လိုအပ်မည်ဖြစ်ပါသည်။

စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်မိုတယ် တည်းခိုခန်းများ၊ တိရစ္ဆာန်အစားအစာတွင် အသုံးပြုမှုများနှင့် အခြားသောအသုံးပြုမှုများအရ တစ်နှစ်လျှင် တန်ချိန် သုံး-လေးသိန်းခန့် လိုအပ်မည်ဟု ခန့်မှန်းပါသည်။ သို့ဖြစ်၍ တစ်နှစ်လျှင် မြန်မာနိုင်ငံ၏ ဆီလိုအပ်ချက်မှာ တန်ချိန် ရှစ်သိန်းမှ ကိုးသိန်းခန့် လိုအပ်မည်ဖြစ်ပါသည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်မတိုင်မီက တစ်နှစ်လျှင် စားသုံးဆီတန်ချိန် ရှစ်သိန်းကျော် တင်သွင်းခဲ့ပြီး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်အထိ ကုန်ကျခဲ့ပါသည်။

### စားအုန်းဆီ

စားအုန်းဆီသည် ဆီအုန်းပင်များမှထွက်ရှိပြီး ဆီထွက်သီးနှံများတွင် ဆီထုတ်လုပ်နိုင်မှု အများဆုံးဖြစ်ခြင်းကြောင့် စားသုံးဆီများတွင် စားအုန်းဆီသည် နေရာရရှိလာသည်ကို တွေ့နိုင်ပါသည်။ မြန်မာနိုင်ငံသို့ စားအုန်းဆီကို ၁၉၇၆ ခုနှစ်ခန့်မှ စတင်တင်သွင်းခဲ့သည်ဟု သိရသော်လည်း အများအပြားတင်သွင်းလာသည်မှာ ၁၉၉၀ ပြည့်နှစ်တွင်မှ ဖြစ်ပါသည်။ ထိုစဉ်က စားအုန်းဆီသည် ဈေးနှုန်းသက်သာခြင်းကြောင့် ဝင်ငွေနည်းသော လုပ်သားပြည်သူများအတွက် ဈေးသက်သက်သာသာဖြင့် စားသုံးနိုင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။

### စားသုံးဆီတစ်မျိုးချင်း၏ အားသာချက်၊ အားနည်းချက်များ

စားသုံးဆီတစ်မျိုးချင်းအနေဖြင့် အားသာချက်၊ အားနည်းချက်များရှိကြပါသည်။ ထိုအထဲတွင် စားသုံးဆီများအကြောင်း သိထားသင့်သည်မှာ စားသုံးဆီတိုင်းတွင် ပြည့်ဝဆီ (Saturated fatty acid) မိုနိုမပြည့်ဝဆီ (Monounsaturated fatty acid) နှင့် ပိုလီမပြည့်ဝဆီ (Polyunsaturated fatty acid) ဟူသော အမျိုးအစားသုံးမျိုးသာ ပါဝင်ကြပါသည်။

ပြည့်ဝဆီ (Saturated fatty acid) ပါဝင်မှုများသော ဆီသည် ကျန်းမာရေးကို များစွာထိခိုက်စေနိုင်ပါသည်။ မိုနိုမပြည့်ဝဆီ (Mono-unsaturated fatty acid) နှင့် ပိုလီမပြည့်ဝဆီ (Polyunsaturated fatty acid) များသည် ကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။ မပြည့်ဝဆီထဲတွင် ပါဝင်သော အိုမီဂါ- ၃ သည် ကျန်းမာရေးအတွက် အထူးကောင်းမွန်သည်ဟု ဆိုပါသည်။ ထိုအထဲတွင် ပြည့်ဝဆီ (Saturated fatty acid) ပါဝင်မှုများသော ဆီများမှာ ဝက်ဆီ၊ အမဲဆီနှင့် စားအုန်းဆီတို့ဖြစ်ကြပြီး အဆိုပါဆီများကို စားသုံးပါက လူ့ခန္ဓာကိုယ်၏ သွေးကြောများကို ကျဉ်းစေကာ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါနှင့် လေဖြတ်ရောဂါတို့ကို ဖြစ်ပေါ်စေသည်ဟု ဆိုပါသည်။

ထိုအချက်အပြင် အရေးကြီးသောအချက်တစ်ခုမှာ စားသုံးဆီများ၏ အရည်အသွေးတစ်ခုအဖြစ် သတ်မှတ်ထားသော အိုင်အိုဒင်းတန်ဖိုး (Iodine Value - IV) ပါဝင်မှုရာခိုင်နှုန်းဖြစ်ပါသည်။ အိုင်အိုဒင်းတန်ဖိုးသည် ပြည့်ဝဆီ၊ မပြည့်ဝဆီတို့နှင့် သက်ဆိုင်နေ၍ ပြည့်ဝဆီများလေလေ အိုင်အိုဒင်းတန်ဖိုးနည်းလေလေဖြစ်ပြီး ပြည့်ဝဆီနည်း၍ မပြည့်ဝဆီများလေလေအိုင်အိုဒင်းတန်ဖိုးများလေလေဖြစ်ပါသည်။ ထို့ကြောင့် စားသုံးဆီများကို စားသုံးရန်အတွက် ရွေးချယ်မည်ဆိုပါက အိုင်အိုဒင်းတန်ဖိုးများသော ဆီများကိုသာ ရွေးချယ်စားသုံးသင့်ပါသည်ဟု အကြံပြုလိုပါသည်။

ပြည်တွင်း၌ အများဆုံးထုတ်လုပ်သည့် စားသုံးဆီများဖြစ်သော မြေပဲဆီ၊ နှမ်းဆီနှင့် နေကြာဆီတို့သည် အားသာချက်များစွာရှိသည်ကို အများသိရှိပြီးဖြစ်ပါသည်။ ထိုဆီများနှင့် နိုင်ငံခြားငွေများသုံးစွဲပြီး တင်သွင်းနေရသော စားအုန်းဆီတို့ကို နှိုင်းယှဉ်၍ တင်ပြလိုပါသည်။

မြေပဲဆီကို ပထမဦးစွာ ကြည့်မည်ဆိုပါလျှင် မြေပဲဆီတွင်ပါဝင်သော အာဟာရဓာတ် မိုနိုမပြည့်ဝဆီ ၄၆ ဂရမ်၊ ပိုလီမပြည့်ဝဆီ ၃၂ ဂရမ်ပါဝင်ပြီး ကျန်းမာရေးအတွက် မကောင်းသောပြည့်ဝဆီမှာ ၁၇ ဂရမ်ခန့်သာ ပါဝင်သည်ဟု သိရပါသည်။ မြေပဲ၏ အားသာချက်တစ်ခုမှာ အချို့သောဆီများကဲ့သို့ အရောင်အနံ့ချွတ်ရန် မလိုအပ်ဘဲ သဘာဝအတိုင်း ကြိတ်ခွဲထုတ်လုပ်နိုင်သဖြင့် သဘာဝအရောင် အရသာများအတိုင်း ရရှိစေပါသည်။

မြေပဲဆီတွင် ကိုလက်စထရော မပါဝင်သကဲ့သို့ ကျန်းမာရေးအတွက် လိုအပ်သော ဗီတာမင်အီးနှင့် သွပ်ဓာတ်များ ပါဝင်ကြပါသည်။ မြေပဲတွင် အဓိက သတိပြုရမည်မှာ မခြောက်သွေ့လျှင် အာဖလာတောက်ဆင်မှိုဆိပ် ပါဝင်လာမည်ဖြစ်ပါသည်။ အိုင်အိုဒင်းတန်ဖိုးမှာ ၈၅ မှ ၁၁၀ ဂရမ် /၁၀၀ ဂရမ် အထိ ပါဝင်ပါသည်။

ထို့ကြောင့် ရောနှောဆီအဖြစ် အခြားအိုင်အိုဒင်းတန်ဖိုးနိမ့်သောဆီ (ဥပမာ- စားအုန်းဆီ အိုင်အိုဒင်းတန်ဖိုး ၅၈) ဖြင့် ရောနှောပါက ရောနှောဆီသည် စားအုန်းဆီသက်သက်ထက် အရည်အသွေးတက်လာမည်ဖြစ်ပါသည်။ မြေပဲဆီကို မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံးဆီအဖြစ် သတ်မှတ်ရမည်ဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။ စိုက်ပျိုးထုတ်လုပ်မှုတွင်လည်း အများဆုံးစိုက်ပျိုးထုတ်လုပ်ခြင်း၊ စိတ်ချရသော နာမည်ကြီး ဆီစက်ကြီးများကလည်း မြေပဲဆီများ ကြိတ်ခွဲဖြန့်ဖြူးနေခြင်းတို့ကြောင့် မြန်မာနိုင်ငံအတွက်ဆိုပါက မြေပဲဆီကို စားသုံးရန် အသင့်ဆုံးအခြေအနေဖြစ်သည်ဟု ဆိုနိုင်ပါသည်။ စားသုံးဆီဖူလုံပါက မြေပဲဆီကိုသာ လူထုက ရွေးချယ်စားသုံးကြမည်မှာ သေချာလျက်ရှိပါသည်။

ပုံမှန်နေကြာဆီ ၁၀၀ ဂရမ်တွင် ပိုလီမပြည့်ဝဆီ (အိုမီဂါ-၃နှင့် အိုမီဂါ-၆) ၆၅ ဒသမ ၇ ဂရမ်၊ မိုနိုမပြည့်ဝဆီ (အိုမီဂါ-၉၊ အိုးလီရစ်အက်စစ်) ၁၉ ဒသမ ၅ ဂရမ်၊ ပြည့်ဝဆီ ၁၀ ဒသမ ၃ ဂရမ်တို့ ပါဝင်ပါသည်။ နေကြာဆီ၏ ရူပဓာတုဂုဏ်သတ္တိများတွင် အိုင်အိုဒင်းတန်ဖိုး ၇၈ မှ ၁၂၂ ဂရမ် /၁၀၀ ဂရမ်အထိ ပါဝင်နေသည်ကို တွေ့ရကြောင်း သိရသဖြင့် နေကြာဆီသည် မြေပဲဆီထက်ပင် ကျန်းမာရေးနှင့်ညီညွတ်သည်ဟု ဆိုနိုင်ပါသည်။

နေကြာဆီ၏ အားသာချက်တစ်ခုမှာ အာဖလာတောက်ဆင်မှိုဆိပ် လုံးဝကင်းစင်ခြင်းဖြစ်သည်ဟု သိရပါသည်။ မှိုဆိပ်ကင်းစင်သည့်အပြင် ဗီတာမင်ကေနှင့် ဗီတာမင်အီး ကြွယ်ဝခြင်း၊ ကျန်းမာရေးအတွက် အထူးကောင်းမွန်သည့် အိုမီဂါ-၃ နှင့် အိုမီဂါ-၉ တို့ များစွာပါဝင်ပါသည်။ နေကြာဆီကို ဆီပါးသည်ဟု ယူဆကြသော်လည်း အမှန်မှာ နေကြာဆီသည် အနံ့၊ အရသာ ကောင်းမွန်သဖြင့် ချက်ပြုတ်ခြင်းအပြင် ကြော်လှော်သည့်နေရာတွင်လည်း သုံးစွဲနိုင်ပါသည်။

နှမ်းဆီ ၁၀၀ ဂရမ်တွင် ပါဝင်သော အာဟာရဓာတ်များတွင် မိုနိုမပြည့်ဝဆီ (အိုးလီရစ်အက်စစ်) ၄၂ ဂရမ်၊ ပိုလီမပြည့်ဝဆီ (လီနိုလီရစ်အက်စစ်) ၄၃ ဂရမ်၊ ပြည့်ဝဆီ ၁၅ ဂရမ်နှင့် ဗီတာမင်ကေနှင့် အီးတို့ ပါဝင်ကြပါသည်။ ကိုလက်စထရောလည်း မပါဝင်ပါ။ အိုင်အိုဒင်းတန်ဖိုးမှာလည်း ၁၀၄ မှ ၁၂၀ ဂရမ် /၁၀၀ ဂရမ် အထိပါဝင်ကြပါသည်။ နှမ်းဆီကို မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးသကဲ့သို့ မက်မက်မောမော စားသုံးကြပါသည်။

ရိုးရာတိုင်းရင်းဆေးအဖြစ် သုံးစွဲလေ့ရှိပြီး အိန္ဒိယတွင်လည်း လိမ်းဆေးအဖြစ် သုံးစွဲလေ့ရှိပါသည်။ နှမ်းဆီကိုကြော်ရာတွင် အမြှုပ်ထွက်များသည်ဟုဆိုကာ အိမ်ရှင်မများက ကြိုက်နှစ်သက်မှုနည်းတတ်သော်လည်း အမှန်အားဖြင့် နှမ်းဆီ၏ ဆီခိုးမှတ်မှာ ၃၅၀ မှ ၄၅၀ ဒီဂရီဖာရင်ဟိုက်အထိ ရှိသဖြင့် ကောင်းစွာကြော်လှော်နိုင်ပါသည်။ ယခုအခါ ဆီစက်များ၏ အရည်အသွေးတိုးတက်လာသဖြင့် နှမ်းဆီကောင်းများ ပိုမိုရရှိလာပြီး နှမ်းဆီကို ကောင်းစွာသုံးစွဲနိုင်ပြီဖြစ်ပါသည်။ နှမ်းလှော်ဆီမွှေးသည် များစွာတန်ဖိုးရှိသဖြင့် ပြည်တွင်းဖူလုံမှုအတွက်အပြင် ပြည်ပတင်ပို့ရေးအတွက်လည်း နှမ်းဆီကို ကြိတ်ခွဲထုတ်လုပ်သင့်ပါသည်။

စားရန်သင့်တော်သော ဆီတစ်မျိုးမှာ ပဲပုပ်ဆီ (Soybean Oil) ဖြစ်ပါသည်။ အဆိုပါဆီကို ဆီစက်သမားများက ပဲပိစပ်ဆီဟုလည်း အမည်ပေးတတ်ပါသည်။ "ပုပ်" ဆိုသော စကားလုံးနှင့် အသံထွက်ကို မသုံးလိုသဖြင့် ပြောင်းလဲသုံးစွဲခြင်းဖြစ်နိုင်ပါသည်။ မည်သို့ပင်ခေါ်တွင်စေကာမူ အဆိုပါ Soybean oil ၁၀၀ ဂရမ်တွင် ပိုလီမပြည့်ဝဆီ [လီနိုလီရစ်အက်စစ် (အိုမီဂါ-၆) ၅၀ ဂရမ်နှင့် (အိုမီဂါ- ၃) ၁၀ ဂရမ်] ၆၀ ဂရမ်၊ မိုနိုမပြည့်ဝဆီ (အိုလီရစ်အက်စစ် အိုမီဂါ- ၉) ၂၅ ဂရမ်၊ ပြည့်ဝဆီ ၁၅ ဂရမ်၊ ဗီတာမင်အီးနှင့် ဗီတာမင်ကေ အနည်းငယ်ပါဝင်ပါသည်။ အိုင်အိုဒင်းတန်ဖိုးမှာ အလွန်မြင့်မားပြီး ၁၂၀-၁၃၆ ဂရမ်/ ၁၀၀ ဂရမ်အထိရှိသည်ဟု သိရှိရပါသည်။ ပဲပုပ်ဆီသည် ကျန်းမာရေးအတွက်လည်း ကောင်းမွန်ကြောင်း သိရပါသည်။

အထက်ပါ မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီနှင့် ပဲပုပ်ဆီတို့အပြင် ပန်းနှမ်းဆီ၊ ဖွဲနုဆီနှင့် ပြောင်းဆီတို့မှာလည်း မြန်မာနိုင်ငံအတွင်း ထုတ်လုပ်နိုင်ကြပြီး စားသုံးရန်သင့်တော်သည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ အရွယ်တင်နုပျိုခြင်းစသောအချက်များကိုလည်း ဤဆီများထဲတွင် တွေ့နိုင်ပါသည်။ ပြည်တွင်း၌ အနည်းငယ်သာ ထုတ်လုပ်နိုင်ပြီး ဈေးသက်သာသဖြင့် ပြည်ပမှ တင်သွင်းနေရသည့် စားအုန်းဆီနှင့်ပတ်သက်၍ သိထားသင့်သည်များကို တင်ပြလိုပါသည်။

စားအုန်းဆီသည် အုန်းဆီပြီးလျှင် ပြည့်ဝဆီ ပါဝင်မှုအများဆုံးဆီ ဖြစ်ပါသည်။ အုန်းဆီထက် နိမ့်သည်ဆိုသော်လည်း အုန်းဆီတွင်ပါဝင်သော ပြည့်ဝဆီမှာ ကျန်းမာရေးအတွက် သင့်တော်ပြီး စားအုန်းဆီတွင် ပါဝင်သော ပြည့်ဝဆီမှာမူ မကောင်းကျိုးဘက်သို့ ပိုမိုရောက်သည်ဟုဆိုနိုင်ကြောင်း သိရပါသည်။ စားအုန်းဆီ ၁၀၀ ဂရမ်တွင် ပြည့်ဝဆီ ၅၄ ဒသမ ၃ ဂရမ်နှင့် မိုနိုမပြည့်ဝဆီ ၃၆ ဒသမ ၆ ဂရမ်နှင့် ပိုလီမပြည့်ဝဆီ ကိုးဂရမ်ခန့်သာ ပါဝင်ပါသည်။

အခြားသော ဗီတာမင်ဓာတ်များလည်း ပါဝင်မှု မရှိဟု သိရပါသည်။ အိုင်အိုဒင်းတန်ဖိုးမှာ ပုံမှန်အားဖြင့် ၅၀ မှ ၅၅ ဂရမ်ခန့်သာ ပါဝင်တတ်ပါသည်။ ယခုတင်သွင်းသော စားအုန်းဆီမှာ စားသုံးသူများအတွက် သင့်တင့်သောအရည်အသွေးရစေရန် အိုင်အိုဒင်းတန်ဖိုး ၅၈ ဂရမ်ကို တင်သွင်းထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် သာမန်စားအုန်းဆီထက် ဈေးအနည်းငယ်မြင့်နေခြင်းဖြစ်ပါသည်။ နယ်စပ်မှဝင်သော ပုစွန်နှစ်ကောင်အစရှိသော စားအုန်းဆီများမှာ အရည်အသွေးစစ်ဆေးထားခြင်းမရှိကြပါ။ "စားအုန်းဆီနှင့် ကျန်းမာရေးအန္တရာယ်"ဟု ဒေါက်တာခင်မောင်လွင် (Fame) က သူ၏ဆောင်းပါးပေါင်းချုပ်စာအုပ်တွင် ဖော်ပြထားပါသည်။

စာမျက်နှာ ၁၃ သို့ ❑

# ရုရှားနှင့် အမေရိကန် ဆွေးနွေးပွဲကျင်းပ



**ရီယာဒ် ဖေဖော်ဝါရီ ၁၈**

ရုရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်ရန်နှင့် ယူကရိန်းအရေး အဖြေရှာရန် ဆွေးနွေးပွဲကို ယနေ့တွင် ဆော်ဒီအာရေးဗျနိုင်ငံ ရီယာဒ်မြို့တွင် ယနေ့ကျင်းပခဲ့ကြောင်း သိရသည်။

**တွေ့ဆုံဆွေးနွေး**

ရုရှားကိုယ်စားလှယ်အဖွဲ့အား ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဒ်က ဦးဆောင်ပြီး ရုရှားသမ္မတ၏လက်ထောက်ဖြစ်သူ ယူရီယူရှာကော့ဖ်နှင့် ရုရှားနိုင်ငံ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အကြီးအကဲ ကီရေးဒီမီထရီတို့က အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်သည်။ အမေရိကန်ကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုကဦးဆောင်ပြီး အမျိုးသားလုံခြုံရေးအကြံပေး မိုက်ဝေါ့ဒ်နှင့် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အထူးကိုယ်စားလှယ်ဝစ်ကော့တို့က အဖွဲ့ဝင်များအဖြစ်ဆောင်ရွက်ကာ ဆော်ဒီအာရေးဗျနိုင်ငံခြားရေးဝန်ကြီး ဖေဇယ်ဗင်ဖာရန် အယ်လ်ဆက်၏ရှေ့မှောက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယခုကျင်းပသည့် ဆွေးနွေးပွဲသည် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတထရမ့်တို့အကြား ဆွေးနွေးပွဲကျင်းပနိုင်ရန် အကြိုပြင်ဆင်ဆောင်ရွက်သည့် ဆွေးနွေးပွဲဖြစ်ကြောင်း နှစ်ဖက်စလုံးက ပြောကြားသည်။

လက်ရှိအချိန်တွင် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတထရမ့်တို့အကြား ဆွေးနွေးပွဲကျင်းပရန် အချိန်ကာလသတ်မှတ်နိုင်ခြင်းမရှိသေးကြောင်း ကရင်မလင်မှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဖ်ကပြောကြားသည်။ ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းအရေးကို ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်းငင်းက ပြောကြားသည်။ ရုရှားသမ္မတပူတင်အနေဖြင့် ယူကရိန်းနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အသင့်ရှိကြောင်း အစဉ်တစိုက်ပြသခဲ့သော်လည်း ရုရှား-ယူကရိန်းအရေးအား ကြီးထွားလာစေရေးအတွက် ဥရောပနိုင်ငံများနှင့် ယခင်သမ္မတဟောင်းဂျိုးဘိုင်ဒင်၏ အမေရိကန်အစိုးရကဆောင်ရွက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ရုရှားနိုင်ငံအနေဖြင့် ပြဿနာများအားဖြေရှင်းဆောင်ရွက်ရာတွင် သံတမန်နည်းလမ်းများကိုသာ အသုံးပြုရန် ရည်ရွယ်ထားကြောင်း ၎င်းကပြောကြားသည်။ အမေရိကန်လုပ်ငန်းများအနေဖြင့် ရုရှားနိုင်ငံဈေးကွက်မှ ထွက်ခွာသွားခဲ့ခြင်းကြောင့် ကန်ဒေါ်လာ ၃၀၀ ဘီလီယံကျော် ဆုံးရှုံးခဲ့ကြောင်း ရုရှားနိုင်ငံ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့အကြီးအကဲ ကီရေးဒီမီထရီက ပြောကြားသည်။

ရုရှားနိုင်ငံနှင့် ဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးအတွက် အကျိုးကျေးဇူးများရရှိလာမည်ဆိုပါက မိမိတို့အနေဖြင့် ဆွေးနွေးမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက ယမန်နေ့တွင် စီဘီအက်စ်ရုပ်မြင်သံကြားဌာနအား ပြောကြားခဲ့သည်။ ယူကရိန်းအရေးဆုံးဖြတ်ချက်ချမှတ်ရာတွင် ဥရောပဒေသ၏ လုံခြုံရေးကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး သေချာတိကျစွာ သုံးသပ်ဆောင်ရွက်ရမည်ဟု ဒီမီထရီပက်စကော့ဖ်က ပြောကြားသည်။ ရုရှားနိုင်ငံဈေးကွက်သည် အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံများအတွက် စီးပွားရေးအရ အကျိုးရှိသည့် နေရာတစ်ခုဖြစ်သောကြောင့် အပြုသဘောဆောင်သည့် နည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ရုရှားနိုင်ငံ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့အကြီးအကဲ ကီရေးဒီမီထရီက ပြောကြားသည်။

ဆွေးနွေးပွဲသည် နှစ်ဖက်အကြား အပြုသဘောဆောင်သည့် ရလဒ်များဖြင့် အဆုံးသတ်ခဲ့ကြောင်း ကရင်မလင်မှ ပြည်ပရေးရာအကြံပေးပုဂ္ဂိုလ် ယူရီယူရှာကော့ဖ်က ပြောကြားသည်။

**ကိုးကား – အနာဒိုလူ သတင်းဌာန**
**ဘာသာပြန် – စိုးသူရ**

## အမေရိကန်ဒယ်လ်တာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ကနေဒါနိုင်ငံ ပီယာဆန်လေဆိပ်တွင် ပျက်ကျ

**အော့တဝါ ဖေဖော်ဝါရီ ၁၈**

အမေရိကန်နိုင်ငံ မန်နီဆိုတာပြည်နယ် မိုင်နီပိုလစ်မြို့မှ ကနေဒါနိုင်ငံ တိုရွန်တိုမြို့ ပီယာဆန်လေဆိပ်သို့ ပျံသန်းလာသည့် ဒယ်လ်တာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ပီယာဆန်လေဆိပ်တွင် ပျက်ကျခဲ့ရာ ခရီးသည် ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။



လေယာဉ်ဆင်းသက်ချိန်တွင် ဆီးနှင်းများ ကျဆင်းခြင်းနှင့် လေပြင်းများ တိုက်ခတ်ခြင်းကြောင့် လေယာဉ်ပျက်ကျရာတွင် ကိုယ်ထည်မှာ ပက်လက်လန်သွားခဲ့သည်။

လေယာဉ် အရှေ့ဘက်နှင့်အနောက်ဘက်တံခါးများမှ ခရီးသည်များထွက်ခွာလာခြင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လေယာဉ်အား ရေဖြင့် ဖျန်းပက်နေပုံကို ရုပ်သံဖိုင်များတွင် တွေ့ရှိရသည်။

ကလေးတစ်ဦးအပါအဝင် ခရီးသည်သုံးဦးတွင် ပြင်းထန်သည့်ဒဏ်ရာရရှိခဲ့ကာ ၁၂ ဦးမှာ သာမန်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးသွားမည်ဟု ကနေဒါသယ်ယူပို့ဆောင်ရေး ဘုတ်အဖွဲ့က ပြောကြားသည်။

လေယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၈၀ မှာ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း ကနေဒါပို့ဆောင်ရေးဝန်ကြီး အေနီဒါအာနန်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## မက္ကဆီကိုပင်လယ်ကွေ့အား မူလအမည်အတိုင်း ဖော်ပြခြင်းမပြုပါက အရေးယူဆောင်ရွက်မည်ဟု ဂူဂဲလ်အား မက္ကဆီကိုသမ္မတ သတိပေး

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၈**

အမေရိကန်နည်းပညာကုမ္ပဏီ ဂူဂဲလ်အနေဖြင့် ဂူဂဲလ်မှထုတ်လုပ်သည့် မြေပုံများတွင် မက္ကဆီကိုပင်လယ်ကွေ့အား မူလအမည်အတိုင်းဖော်ပြခြင်းမပြုပါက အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း မက္ကဆီကိုသမ္မတ ကလော်ဒီရာရှိန်ဘန်းက ယမန်နေ့တွင် ပြောကြားသည်။

မက္ကဆီကိုပင်လယ်ကွေ့အား အမေရိကန်ပင်လယ်ကွေ့ဟု အမေရိကန်သမ္မတထရမ့် ညွှန်ကြားသည့်အတိုင်း ပြောင်းလဲရန် ဂူဂဲလ်တွင် အခွင့်အရေးမရှိကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ သမ္မတထရမ့်၏ ညွှန်ကြားချက်အတိုင်း မက္ကဆီကိုပင်လယ်ကွေ့အား အမေရိကန်ပင်လယ်ကွေ့ဟု ပြင်ဆင်မည်ဆိုပါက မက္ကဆီကိုပင်လယ်ကွေ့အတွင်းရှိ အမေရိကန်ပိုင်နက်ဒေသကိုသာ အမေရိကန်ပင်လယ်ကွေ့ဟု ပြင်ဆင်နိုင်ပြီး မက္ကဆီကိုပင်လယ်ကွေ့ရှိ မက္ကဆီကိုနိုင်ငံနှင့် ကျူးဘားနိုင်ငံပိုင်နက်ဒေသများကို အမေရိကန်ပင်လယ်ကွေ့ဟု ပြင်ဆင်ခွင့်မရှိကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိအချိန်တွင် အဆိုပါကိစ္စနှင့် ပတ်သက်၍ ဂူဂဲလ်က မည်သို့ဆောင်ရွက်မည်ကို စောင့်ကြည့်နေပြီး ၎င်းဆောင်ရွက်ချက်အား ကျေနပ်မှုမရှိပါက တရားစွဲဆိုဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။ မက္ကဆီကို၏ ဂူဂဲလ်အပေါ် သတိပေးချက်သည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ် သတိပေးခဲ့စဉ်က ဂူဂဲလ်၏ မက္ကဆီကိုပင်လယ်ကွေ့အား ရှုပ်ထွေးစွာအမည်ပေးခဲ့ခြင်းကို မကျေနပ်၍ ယခုကဲ့သို့ ထပ်မံသတိပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

❑ စာမျက်နှာ ၁၂ မှ

ဖော်ပြထားသော အချက်များမှာ စားအုန်းဆီတွင်ပါဝင်သော ပြည့်ဝဆီတွင် ပါဝင်သည့်အက်စစ်မှာ ပါမစ်တစ်အက်စစ်ဖြစ်ပြီး ပြည့်ဝဆီ (၅၄ ဒသမ ၃ ဂရမ်တွင်) ၄၄ ဂရမ်အထိ ပါဝင်နေသည်ကို တွေ့ရပါသည်။ အဆိုပါဆီသည် အစားအသောက်များမှတစ်ဆင့် လူ့ခန္ဓာကိုယ်အတွင်းရောက်ပါက အသည်းမှတစ်ဆင့် အယ်လ်ဒီအယ်လ်ကိုလက်စထရောများကို ထုတ်လုပ်ပေးရန် ကုန်ကြမ်းများအဖြစ် သွေးတွင်း၌ အဆိုပါကိုလက်စထရောကို မြင့်တက်စေပါသည်။

တစ်ခါတစ်ရံနှင့် နည်းနည်းသာစားပါက ပြဿနာနည်းနိုင်သော်လည်း နေ့စဉ်ချက်ပြုတ်စားသောက်ရာတွင်သုံးပါက သွေးကြောအတွင်း အဆီများစုလာကာ သွေးကြောများကျဉ်းလာမည်ဖြစ်ပါသည်။ ထို့ကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်လာကာ နောက်ဆက်တွဲရောဂါအဖြစ် နှလုံးသွေးကြောပိတ်၍ နှလုံးကြွက်သားများထိခိုက်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ကာ လေဖြတ်ခြင်းတို့ဖြစ်နိုင်ကြောင်း သိရပါသည်။

ထို့ကြောင့် စားအုန်းဆီပါဝင်မှုများသော အစားအစာများကို ရှောင်ကြဉ်သင့်ပါသည်။ အထူးသဖြင့် အဝလွန်သူများ၊ သွေးတိုးရောဂါရှိသူများ၊ အသက်ကြီးရင့်သူများ၊ လှုပ်ရှားမှုနည်းသူများ မစားသင့်ကြောင်း သိရပါသည်။ ဆရာက စားအုန်းဆီစားသုံးမှုကိုလျှော့ပြီး ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီနှင့် နေကြာဆီတို့ကို စားသုံးသင့်ကြောင်း အကြံပြုထားပါသည်။ မြေပဲဆီဈေးက မြင့်နေလျှင်လည်း စားအုန်းဆီဝယ်မည့်ငွေကြေးအား မြေပဲဆီ စသည့် ပြည်တွင်းထုတ်ဆီကို ရသလောက် ဝယ်ယူပြီး ရေလည်ဆီလည်ချက်စားသင့်ကြောင်း အကြံပေးထားပါသည်။ မှန်ပါသည်။

ပြည်တွင်းဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာဆီများကို ပိုမိုအားပေးသင့်ပါသည်။ ကျန်းမာရေးထိခိုက်ပါက ကြီးမားသော ဆေးကုသစရိတ်ကိုပါ ထပ်မံကုန်ကျမည်ကို အထူးသတိချပ်သင့်ပါသည်။ ထို့ကြောင့် စားသုံးသူများအနေဖြင့် ပြည်ပမှ တင်သွင်းနေသော စားအုန်းဆီအစား ပြည်တွင်းထုတ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ပိုမိုအားပေး ဝယ်ယူစားသုံးသင့်ပါသည်။

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများကို ပြည်တွင်းဈေးကွက်၌ ရောင်းချခြင်းဖြင့် သင့်တော်သော ဝင်ငွေရရှိနိုင်ရန်အတွက် ဆီစက်များ များများလည်ပတ်နိုင်ရန် လိုအပ်ပါသည်။ ပြည်တွင်းတွင် ဆီစက်များ တိုးတက်လည်ပတ်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းလည်း တိုးတက်လာနိုင်ပါသည်။

နိုင်ငံခြားငွေကိုသုံးစွဲပြီး ပြည်ပမှတင်သွင်းရကာ ဈေးကြီးပေးဝယ်စားနေရသော စားအုန်းဆီများအစား ပြည်တွင်း၌ထုတ်လုပ်သော မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို ပိုမိုစားသုံးခြင်းဖြင့် ပြည်တွင်းစက်မှုကဏ္ဍကို အားပေးရာလည်း ရောက်ပါသည်။ ထို့အပြင် အထက်တွင်ဖော်ပြသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်း များပြားလာခြင်း၊ Supply Chain တစ်ခုလုံး လိုက်ပါလည်ပတ်ပြီး တောင်သူ၊ ကုန်သည်၊ ဆီစက်ပိုင်ရှင်နှင့် စားသုံးသူများအားလုံး အကျိုးကျေးဇူးလည်း တိုးတက်ရရှိလာနိုင်ပါသည်။

ပြည်တွင်းဖြစ်ကို အားပေးခြင်းသည် မိမိတို့ပြည်သူများ၏ အကျိုးစီးပွားကို မြှင့်တင်ရာလည်း ရောက်မည်ဖြစ်သည်ကို မျှော်လင့်ခြင်းများစွာဖြင့် တင်ပြလိုက်ရပါသည်။ ပြည်ပမှ တင်သွင်းလာသော စားအုန်းဆီများသည် ပြည်တွင်းထုတ်မြေပဲဆီ၊ နှမ်းဆီများထက် ဈေးနှုန်းချိုသာသဖြင့် စားသုံးခဲ့ရခြင်းဖြစ်ပါသည်။ ပေါပေါရတိုင်း များများသုံးခဲ့ခြင်း၏ အကျိုးဆက်အနေဖြင့် ကျန်းမာရေးထိခိုက်မှုကို ကြုံကြရသည်။ ထို့ကြောင့် စားအုန်းဆီဝယ်မည့်ငွေကို ပြည်တွင်းထုတ်မြေပဲဆီ၊ နေကြာဆီနှင့် နှမ်းဆီ စသည်တို့ကို ဝယ်ယူစားသုံးသင့်ပါသည်။

ငွေလည်းချွေတာ၊ ကျန်းမာရေးအတွက်လည်းကောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများကိုလည်း အားပေးရာရောက်သဖြင့် ပြည်တွင်းဖြစ်ကို အားပေးကြပါစို့ဟု တိုက်တွန်းလိုပါကြောင်း ထပ်လောင်းပြောလိုက်ပါရစေခင်ဗျား။ ။

**ကိုးကား– ဒေါက်တာခင်မောင်လွင် (Fame) ၏**
**စားသုံးဆီနှင့် ကျန်းမာရေးစာအုပ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည် ကြိုဆိုလက်ခံပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် အမျိုးသားကိုးဦး၊ အမျိုးသမီးတစ်ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းလူငယ်များ၏ မိသားစုဝင်များကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံခဲ့ကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၇ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "မိကျမ်း" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပေါင်းတလည်မြို့ အရှေ့ပိုင်းရပ်ကွက်နေ စံကြီး(ခ)စံသောင်းအား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ပေါင်းတလည်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကနီမြို့နယ်ရှိ ကူးတို့ဆိပ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သံဃာတော်တစ်ပါးနှင့် ဒေသခံပြည်သူနှစ်ဦး ဒဏ်ရာရပြီး ကားနှင့်ဆိုင်ကယ်များ မီးလောင်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မုဋ္ဌောအရှေ့ရွာရှိ ချင်းတွင်းမြစ်ကူးတို့ဆိပ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သံဃာတော်တစ်ပါးနှင့် ဒေသခံပြည်သူနှစ်ဦး ဒဏ်ရာရပြီး ကားနှင့်ဆိုင်ကယ်များ မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။




**ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းမရှိ**

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံများအား ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများ သွားလာနေထိုင်လျက်ရှိသည့် နေရာများအား ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အလုံးစုံပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အရေးပါသည့် ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်တာဝါတိုင်များအား ဖောက်ခွဲဖျက်ဆီးခြင်းနှင့် ပြည်သူများ သွားလာလှုပ်ရှားနေထိုင်လျက်ရှိသည့် လူစည်ကားသည့်နေရာများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒရုန်းဖြင့်ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၂-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ သရေခေတ္တရာ ပျူမြို့ဟောင်းဆီသို့ အလည်တစ်ခေါက်
- ၀၉:၁၀ စိုက်ပျိုးရေးရာအဖြာဖြာ
- ၀၉:၄၀ ရိုးရာဝလေ့ ပဝေ့အပ်စရာ လက်ထပ်ဘိသိက်မင်္ဂလာ
- ၁၁:၁၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၁:၃၅ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၅၂)
- ၁၃:၀၅ သီချင်းကြီးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၁၅)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၄၅ မျိုးဝှက်တင့်စေ ဆိုကရေးတီးအဖွဲ့
- ၁၇:၁၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ
- ၁၇:၄၀ NEXT LEVEL
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင့်ရာခရီး' (အပိုင်း-၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ ဖွဲ့ညရဲ့ဇာတ်ခုံ 'မျိုးဝေ' (ဒုတိယပိုင်း)

### mitv

- 07:01 Evergreen Classic: Zambudipar (Shwe Yee Win)
- 07:12 Myanmar Puppeteers (Duet Dance)
- 07:20 Compelling Benefits of Radiation Technology
- 07:32 Edible Beauty: Tha Khut
- 08:26 Asia Updates; Choice of Nature
- 08:33 Taungoo City Travelogue
- 09:01 Bagan Lacquerware
- 09:14 Tour Around in Myeik Archipelago (Epi-1)
- 09:30 Family of Toys
- 09:50 Late Masters' Art Exhibition

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၁၅ တိုင်းရင်းသားသီချင်း၊ အက(ချင်း)
- ၀၆:၃၅ မြန်မာသံစဉ်တေးသီချင်းများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင့်ရာခရီး' (အပိုင်း-၁၄)
- ၀၈:၀၀ စတီရီယိုတေးသီချင်းများ
- ၀၈:၂၅ ဇာတ်တော်ကြီး 'ဂုဏမဟာဇာတ်တော်ကြီး' (ပထမပိုင်း)
- ၀၉:၄၅ နိုင်ငံခြားတေးသီချင်းများ
- ၀၉:၅၅ ကာတွန်းအစီအစဉ် 'ဖြူဝင်စိတ်လှ' (အပိုင်း-၉)
- ၁၀:၃၀ ဇာတ်တော်ကြီး 'ဂုဏမဟာဇာတ်တော်ကြီး' (ဒုတိယပိုင်း)

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ချစ်သစ္စာအလှတည်ရာမြေ

**ဝကေကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တောင်ကျွာလေးကငှက်ပျော့ဖူးသုပ်

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်တေးရေးတေးဆိုအနုပညာရှင် - ကျော်ဆုးနှင့်တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
သံပုရာခွံအရနံ့ဟင်းချက်ပြုတ်နည်း

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၁)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဆံတော်ရှင်ကျိုက်ထီးရိုး

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ပြူးပဒေသာ(ဘာသာနှင့်ဝမ်းရှုဆေး)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့အိုးလက်ရာ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
သစ်ကြာသီးနှင့်ကျန်းမာရေး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၄၅ Sports Max
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၄၅ Festivals Around The World

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်စရာ ဥပဒေမှာ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ'
- ၁ :၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၅၁)

### MRTV FARMERS HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ ဗိုင်းဝန်းပူးပေါင်းအလှဆင် ကျေးလက်ရဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Agriculture in India
- ၁၉:၂၀ Rose Tour
- ၂၀:၀၀ ဝိုရင်ထဲကလိပ်ပြာ(ဇာတ်လမ်း)
- ၂၂:၀၀ Jingle Jangle A Christmas Journey (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ (Mahar United FC Vs Myawady FC) (Replay)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အကြမ်းဖက်သမားများက တနင်္သာရီမြို့နယ် ပနပ်ငယ်ကျေးရွာအနီး၌ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့်ယာဉ်တစ်စီးအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်များအပါအဝင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးရှစ်ဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန် အတွက် အကြမ်းဖက်မှု လုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိပြီး လမ်း၊ တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ Drop Bomb များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော အေးချမ်းစွာသွားလာလျက်ရှိသည့် ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပနပ်ငယ်ကျေးရွာအနီး၌ အပြစ်မဲ့ပြည်သူများစီးနင်းလာသည့် ဘုရားဖူးယာဉ်တစ်စီးကိုလည်း ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာမှ မြိတ်မြို့သို့ ယာဉ်မောင်း ဦးမျိုး မောင်းနှင်လာပြီး အပြစ်မဲ့ပြည်သူများ လိုက်ပါလာသည့် Light Truck အမျိုးအစား ယာဉ်အား ပနပ်ငယ်ကျေးရွာအနီးသို့ အရောက်၌ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကလေးငယ်များ အပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦး၊ အမျိုးသမီးရှစ်ဦး စုစုပေါင်းကိုးဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား မြိတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပြီး လိုအပ်သည့်ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာ လမ်းကြောင်းတစ်လျှောက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ် ပျက်စီးနေမှုကို တွေ့မြင်ရစဉ်။




တနင်္သာရီမြို့နယ် ပနပ်ငယ်ကျေးရွာအနီး၌ အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှု ဖြစ်စဉ်နေရာပြပုံ။



အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ် ပျက်စီးနေမှုကို တွေ့မြင်ရစဉ်။



အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့မြင်ရစဉ်။



အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ရသည့် အပြစ်မဲ့ပြည်သူများအား လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးမှုကို တွေ့မြင်ရစဉ်။

# ညောင်ရွှေမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက် ဖြစ်စဉ်များကြောင့် ညောင်ရွှေမြို့နယ်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်လာသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှပေးအပ်သည့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာလာကြသည့် ရပ်ကွက်အသီးသီးရှိပြည်သူများနှင့် ဌာနဆိုင်ရာမိသားစုဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက်ယာယီနေရပ်စွန့်ခွာပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းနှင့် ညောင်ရွှေမြို့နယ်အတွင်း ရောက်ရှိနေကြသည့် ယာယီနေရပ်စွန့်ခွာ ပြည်သူ ၁၅၅၈၄ ဦး အတွက် တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၁၁၆၈၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**





# မိုင်းရယ်မြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံငွေပေးအပ်

**မိုင်းရယ် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာလာသည့် ဝန်ထမ်းနှင့် မိသားစုဝင်များ၊ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်က ထောက်ပံ့ငွေပေးအပ်ခြင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ယာယီနေရပ်စွန့်ခွာလာသည့် ဝန်ထမ်းနှင့်မိသားစုဝင်များ၊ ပြည်သူများ အိမ်ထောင်စု ၅၃၅ စု၊ လူဦးရေ ၈၁၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၆၃၆၀၀၀၀ အား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူငယ်များသိသင့်သော ယဉ်ကျေးမှုအမွေအနှစ်များ

## မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံတစ်နိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ရတနာများပင်ဖြစ်သည်။ မည်သည့်နိုင်ငံတွင်မဆို ယဉ်ကျေးမှုအမွေအနှစ်များ ရှိကြသည်။ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရန်အတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပေသည်။ ယနေ့လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များ၊ ဖန်တီးရှင်များဖြစ်ရာ မိမိနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးအတွက် တစ်တပ်တစ်အားပါဝင်ကြရန် လိုအပ်သည်။

ယဉ်ကျေးမှုအမွေအနှစ်များကို ရှေးယခင်က အမွေဆက်ခံခဲ့ကြသော အုပ်စု သို့မဟုတ် လူ့အဖွဲ့အစည်း၏ ရုပ်ပိုင်းဆိုင်ရာ ရှေးဟောင်းပစ္စည်းများ၏ အမွေအနှစ်များအဖြစ် သတ်မှတ်ကြသည်။ တစ်နည်းအားဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဟူသည်မှာ ပစ္စုပ္ပန်တွင် သီးခြားချဉ်းကပ်မှုများကို အသုံးချခြင်းဖြင့် အတိတ်နှင့် အနာဂတ်ကြား ပေါင်းကူးတံတားတစ်ခုကို ပေးစွမ်းသည့် အယူအဆတစ်ခုဖြစ်သည်။

စင်စစ် ယဉ်ကျေးမှုအမွေအနှစ်များတွင် ရှေးဟောင်းပစ္စည်းများ၊ အဆောက်အအုံများနှင့် နေရာများ၊ သင်္ကေတ၊ သမိုင်းဝင်အဆောက်အအုံများ၊ အနုပညာ၊ လူမှုရေး သို့မဟုတ် မနုဿဗေဒ၊ သိပ္ပံနှင့် လူမှုရေးဆိုင်ရာ အရေးပါမှုများအပါအဝင် တန်ဖိုးအမျိုးမျိုးရှိသည့် ပြတိုက်များပါဝင်သည်။ ယဉ်ကျေးမှုအမွေအနှစ်များ၏ ဥပမာများတွင် မြင်သာထင်သာရှိသော အနုပညာ၊ အစားအသောက်၊ အဝတ်အစားများ ပါဝင်သကဲ့သို့ ဒဏ္ဍာရီများ၊ ဂီတ၊ စေတနာနှင့် လေးစားမှုကဲ့သို့သော မမြင်နိုင်သည့် ပိုင်ဆိုင်မှုများနှင့် အတူ ဗိသုကာလက်ရာပုံစံများ ပါဝင်သည်။

မည်သည့်နိုင်ငံမဆို ယဉ်ကျေးမှုကို ထိန်းသိမ်းကြစမြဲဖြစ်ရာ ယနေ့လူငယ်များသည်လည်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်၏ တန်ဖိုးရှိမှုနှင့် အရေးပါမှုကို သိရှိထားရန်လိုအပ်ပါသည်။ နိုင်ငံအတွင်းရှိ မတူကွဲပြားသောယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ရမည်သာဖြစ်သည်။ ဤသည်ကြောင့် မျိုးဆက်သစ်များကို ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရန်လိုအပ်ကြောင်း အသိပညာဖြန့်ဖြူးပေးရန် အမှန်တကယ် အရေးကြီးလှပါသည်။

ယဉ်ကျေးမှုအမွေအနှစ်များကို အမျိုးအစား သုံးမျိုးခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ တည်ဆောက်ထားသော ပတ်ဝန်းကျင် (အဆောက်အအုံများ၊ မြို့ပြမြင်ကွင်းများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ အကြွင်းအကျန်များ) ဖြစ်သည်။ ဒုတိယအမျိုးအစားမှာ သဘာဝပတ်ဝန်းကျင် (ကျေးလက်ရှုခင်းများ၊ ကမ်းရိုးတန်းများနှင့် စိုက်ပျိုးရေးအမွေအနှစ်များ)ဖြစ်သည်။ တတိယအမျိုးအစားမှာ ရှေးဟောင်းပစ္စည်းများ (စာအုပ်များနှင့် စာရွက်စာတမ်းအထောက်အထားများ၊ အရာဝတ္ထုများနှင့် ရုပ်ပုံများ) ဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်ဟူသည် အဓိကအားဖြင့် လူ့အသိုက်အဝန်းက ဖန်တီးထားသော လူနေမှုပုံစံတစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ၏ မျက်နှာစာများတွင် ဘာသာစကားများ၊ ဓလေ့ထုံးတမ်းများ၊ ရိုးရာဓလေ့များ၊ တန်ဖိုးများ၊ နေရာများနှင့် အရာဝတ္ထုများ ပါဝင်သည်။

ယဉ်ကျေးမှုအမွေအနှစ်များကို မြင်သာထင်သာရှိသော အရင်းအမြစ်များနှင့် မမြင်နိုင်သော အရင်းအမြစ်များအဖြစ်လည်း အမျိုးအစားခွဲခြားကြသည်။ မြင်သာထင်သာရှိသော ယဉ်ကျေးမှုအမွေအနှစ်များဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်း ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းထားပြီး မျိုးဆက်သစ်တစ်ခုသို့ကူးစက်သည့် ရုပ်ပိုင်းဆိုင်ရာပစ္စည်းများကို ရည်ညွှန်းဖော်ပြကြသည်။ ဥပမာအားဖြင့် ရိုးရာအဝတ်အစားများ၊ သယ်ယူပို့ဆောင်ရေးပုံစံများ၊ ကိရိယာများ၊ အဆောက်အအုံများ၊ အထိမ်းအမှတ်များနှင့် အနုပညာလက်ရာများ ပါဝင်သည်။ ဆန့်ကျင်ဘက်အားဖြင့် မမြင်နိုင်သောယဉ်ကျေးမှုအမွေအနှစ်ဟူသည် ရုပ်ပိုင်းဆိုင်ရာမဟုတ်သော ဉာဏ်ကြွယ်ဝမှု (Intellectual Wealth) ဖြစ်သည်။ မထိတွေ့နိုင်သော အမွေအနှစ်များတွင် အနုပညာဖျော်ဖြေမှုများ၊ ဒေသန္တရဇာတ်ပုံပြင်၊ ရိုးရာအတတ်ပညာနှင့် ဘာသာစကားတို့ ပါဝင်သည်။

**ယဉ်ကျေးမှုအမွေအနှစ်များကို အမျိုးအစား သုံးမျိုးခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ တည်ဆောက်ထားသောပတ်ဝန်းကျင် (အဆောက်အအုံများ၊ မြို့ပြမြင်ကွင်းများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ အကြွင်းအကျန်များ) ဖြစ်သည်။ ဒုတိယအမျိုးအစားမှာ သဘာဝပတ်ဝန်းကျင် (ကျေးလက်ရှုခင်းများ၊ ကမ်းရိုးတန်းများနှင့် စိုက်ပျိုးရေး အမွေအနှစ်များ)ဖြစ်သည်။ တတိယအမျိုးအစားမှာ ရှေးဟောင်းပစ္စည်းများ (စာအုပ်များနှင့် စာရွက်စာတမ်း အထောက်အထားများ၊ အရာဝတ္ထုများနှင့် ရုပ်ပုံများ) ဖြစ်**

ယနေ့ခေတ်တွင် အိုင်တီနည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဒစ်ဂျစ်တယ်မာလ်တီမီဒီယာ၏ နည်းပညာများ ထွန်းကားတိုးတက်လာခြင်းကို လူငယ်များ သိရှိအသုံးပြုနေကြသည်။ ဤတွင် လူငယ်များအနေဖြင့် ကြီးမားတိုးတက်လာသော ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းသည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်းအတွက် များစွာအကျိုးရှိသည်ကို သိထားရန် လိုအပ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာ တိုးတက်လာမှုသည် ရေရှည်ကာလတစ်ခုအတွက် ပိုမိုအသုံးပြုနိုင်စွမ်းကို အထောက်အကူပြုပေသည်။ မြင်သာထင်သာရှိသော ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးကို ဒစ်ဂျစ်တယ်ပုံစံ၊ 2D နှင့် 3D ပုံစံနည်းပညာများဖြင့် လုပ်ဆောင်နေကြသည်။

ယူနက်စကိုက အနုပညာနှင့် စာပေသာမက လူနေမှုပုံစံများ၊ အတူတကွ နေထိုင်ပုံများ၊ တန်ဖိုးစနစ်များ၊ ထုံးတမ်းအစဉ်အလာများနှင့် ယုံကြည်ချက်များကို လွှမ်းခြုံထားသော လူ့အဖွဲ့အစည်း သို့မဟုတ် လူမှုရေးအုပ်စုတစ်ခု၏ ထူးခြားသော နာမ်ပိုင်းဆိုင်ရာ၊ ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာ၊ ဉာဏ်နှင့် စိတ်ဝင်စားမှုဆိုင်ရာ အင်္ဂါရပ်များအဖြစ် ယဉ်ကျေးမှုကို အဓိပ္ပာယ်ဖွင့်ထားသည်။ ယဉ်ကျေးမှု၏သဘောသဘာဝကို သိရှိမှုနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်ဟူသည် မျိုးဆက်တစ်ခုမှတစ်ခု ထိန်းသိမ်းထားသော ယဉ်ကျေးမှုတစ်ခု၏ အရေးကြီးသော ပိုင်ဆိုင်မှုအစုအဝေးဖြစ်မည်ကို လူငယ်များသိရှိနားလည်ရန် လိုအပ်ပါသည်။ ပန်းချီ၊ ပန်းပုနှင့် ဓာတ်ပုံများအပါအဝင် ထင်ရှားသောအနုပညာလက်ရာများကို ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် သတ်မှတ်ကြသည်။ ထင်ရှားသောဥပမာတစ်ခုမှာ ကမ္ဘာပေါ်တွင် အကျော်ကြားဆုံးပန်းချီကားမှာ မိုနာလီဆာဖြစ်သည်။ ၁၆ ရာစု အစောပိုင်းတွင် လီယိုနာဒိုဒါဗင်ချီ ရေးဆွဲခဲ့သော လျှို့ဝှက်ဆန်းကြယ်ပြီး ပြုံးချိုသောအမျိုးသမီးပုံတူပုံသည် ခေတ်ပေါ်ပေါ့ပ်ယဉ်ကျေးမှုတွင် ပျံ့နှံ့နေဆဲဖြစ်သည်။ မိုနာလီဆာ၏ ပန်းချီကားကို ပါရီမြို့မှ လုဗ်ပြတိုက်တွင်ထားရှိသည်။ တာ့ဂျ်မဟာသည် ၁၇ ရာစုတွင် ဖန်တီးခဲ့သော အိန္ဒိယနိုင်ငံ အာဂရာမြို့ရှိ ကြီးမားသော ဂူဗိမာန်နှင့် ဈာပနအခမ်းအနားဖြစ်သည်။ ၎င်းသည် ကမ္ဘာပေါ်တွင် အကျော်ကြားဆုံး အဆောက်အအုံများအနက် တစ်ခုဖြစ်ပြီး အလွန်ကောင်းမွန်သော အချစ်ဇာတ်လမ်းအတွက် အထိမ်းအမှတ်တစ်ခုလည်း ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကို လေ့လာကြည့်လျှင် ထိုလူမျိုးတို့ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်းများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ယုံကြည်ကိုးကွယ်မှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးစံများ၊ ဓလေ့စရိုက်များ၊ လက်မှုအနုပညာများ၊ အနုသုခုမပညာများ၊ အတွေးအခေါ်များကို ပေါင်းခြုံထားခြင်းဖြစ်သည်။ ယဉ်ကျေးမှုတွင်လည်း ဒြပ်ရှိယဉ်ကျေးမှု (Material Culture or Tangible Culture) နှင့် ဒြပ်မဲ့ယဉ်ကျေးမှု (Non–material Culture or Intangible Culture) ဟူ၍ နှစ်မျိုးခွဲခြားထားသည်။ ဒြပ်ရှိယဉ်ကျေးမှုတွင် ကိုင်တွယ်ထိတွေ့၍ရသော ပစ္စည်းများ၊ လူသားတို့ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်းများအားလုံး ပါဝင်သည်။ ဥပမာ နေအိမ်၊ အဆောက်အအုံ၊ အသုံးအဆောင်ပစ္စည်းများ၊ တူရိယာပစ္စည်းများ၊ ရှေးဟောင်းကျောက်လက်နက်ကိရိယာများနှင့် ခရီးသွားယာဉ်များ ပါဝင်သည်။ ဒြပ်မဲ့ယဉ်ကျေးမှုတွင် နာမ်သဘောသဘာဝများဖြစ်သည့် လူသားတို့ပြောဆိုသော ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ဓလေ့စရိုက်၊ ဓလေ့ထုံးစံနှင့် အတွေးအခေါ်တို့ပါဝင်သည်။

ယူနက်စကိုက ဦးဆောင်၍ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရန် တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားရန်နှင့် အလေးထားရန်၊ နိုင်ငံအလိုက်၊ ဒေသအလိုက်နှင့် နိုင်ငံတကာအဆင့်များတွင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို သိမြင်အလေးထားမှုကို မြှင့်တင်ရန်ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အပြန်အလှန်အလေးထားရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် အကူအညီပေးရေးတို့ကို ဆောင်ရွက်ရန် ၂၀၀၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးရှိ ဒြပ်မဲ့ယဉ်ကျေးမှုများအား ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်းကို အတည်ပြုထုတ်ပြန်ခဲ့သည်။အဆိုပါ ကွန်ဗင်းရှင်းပါ သတ်မှတ်ချက်များအရ ယူနက်စကိုက ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များအား အသိအမှတ်ပြုရာတွင် လူသားမျိုးနွယ်ကို ကိုယ်စားပြုသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းနှင့် အရေးပေါ်ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဟူ၍ နှစ်မျိုး ခွဲခြားပြီး အဖွဲ့ဝင်နိုင်ငံများ၏ တင်ပြချက်များအပေါ် စိစစ်လက်ခံသတ်မှတ်ပေးလျက်ရှိသည်။

ယခုအခါ "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံက တရားဝင် အသိအမှတ်ပြု စာရင်းဝင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ၂၀၂၅ ခုနှစ်တွင် "မြန်မာသနပ်ခါးယဉ်ကျေးမှုဓလေ့" (Practice of Thanakha Culture in Myanmar) ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတင်သွင်းရန် ပြင်ဆင်နေပြီဖြစ်ရာ အမိမြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။

အချုပ်ဆိုရသော် လူငယ်များအနေဖြင့် အမိနိုင်ငံမှ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးတွင် အသိတရားလက်ကိုင်ထားပြီး အနာဂတ်အတွက် ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ယခုအခါ ယဉ်ကျေးမှုအမွေအနှစ်သည် ကမ္ဘာတစ်ဝန်းတွင် ရေပန်းစားပြီး ပညာရှင်တို့၏ အာရုံစိုက်မှုကို တိုးပွားစေသော ဘာသာရပ်ဖြစ်လာကာ ၎င်း၏အယူအဆဆိုင်ရာနယ်ပယ်မှာ ကျယ်ပြန့်လာသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များအကြောင်း သိရှိသဘောပေါက် ထိန်းသိမ်းနိုင်ရန် တင်ပြလိုက်ပါသည်။ ။


## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

**မာတင်ဖဲ**

တစ်ည ဓားပြသုံးယောက်ဟာ လူသူကင်းမဲ့နေတဲ့ လမ်း လျှောက်လာတဲ့ လူတစ်ယောက်ကို တိုက်ခိုက်ကြတယ်။ ပြင်းပြင်းထန်ထန် ပဋိပက္ခဖြစ်ပြီးတဲ့နောက် သူတို့က သူ့ကို ငြိမ်အောင် ထိန်းသိမ်းနိုင်ပြီးတော့ သူ့အိတ်ထဲမှာ ငါးဆယ်ဆင့်ပဲ ရှိနေတာကိုသာ တွေ့ရတယ်။

"မင်းနယ်ကွာ ငါးဆယ်ဆင့်လောက်နဲ့ ဘာကြောင့်များ ဒါလောက်တောင် ရုန်းကန်ခဲ့ရတာလဲ" လူဆိုးထဲက တစ် ယောက်ဟာ သူ့ကို မေးလိုက်တယ်။

"ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရှူးဖိနပ်ထဲမှာရှိတဲ့ ဒေါ်လာ နှစ်ရာတန်ကို ခင်ဗျားတို့ ရှာနေတယ်လို့ ထင်မိတာကိုးဗျာ"



**ပထမကောင်လေး**-"မောင်ရင်က မာကျော တောင့်တင်းသူလားကွ"

**ဒုတိယကောင်လေး**-"ငါကတော့ အဲသလို ပြောရလိမ့် မယ်"
"ငါ ခြေသည်း လက်သည်းတွေကို (သံတွေကို) ဝါးတယ်ကွ"

**ပထမကောင်လေး** -"ကြေးဇာလား သံမဏိလား"

**ဒုတိယကောင်လေး** - "လက်ချောင်းပါကွာ"





ဆမ်ဆန် - "အဖေ၊ အဖေ့မှာ ဘာကြောင့် မီးခိုးရောင် ဆံပင် ရှိနေရတာလဲဗျ"
အဖေ - "အဲဒါ မင်းက သိပ်ဆိုးလို့ပေါ့ကွ"
ဆမ်ဆန် - "ဟာ... အဖေ ငယ်ငယ်တုန်းကလည်း အဖေဟာ အတော့်ကို ဆိုးခဲ့မှာပါပဲ"
အဖေ - "မင်း... ဘာကြောင့် အဲသလိုပြောရတာလဲ"
ဆမ်ဆန် - "အဘွားရဲ့ဆံပင်ကို အဖေ ဘာလုပ်ခဲ့တယ် ဆိုတာ ကြည့်လိုက်လေ"

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပြည် ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပြည်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု၌ ၂၀၂၄- ၂၀၂၅ ခုနှစ် ဆောင်းနေကြာမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး နေကြာမျိုးတစ်ဦးချင်းအလိုက် အပွင့်အရွယ်အစား၊ အစေ့အဆန်အောင်မြင်မှုနှုန်း၊ အပင်သက်တမ်း၊ မျိုးပြန်လည်ရရှိနိုင်မှုနှင့် အထွက်တင်းများအား စနစ်တကျမှတ်တမ်းတင်ရန်၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ဖြစ်၍ ဒေသခံနေကြာစိုက်တောင်သူများအား ခေါ်ယူပြသအသိပညာပေးရန်နှင့် နေကြာနှင့်အတူ တွဲဖက်စိုက်ပျိုးနိုင်သည့် သီးနှံများလည်း စိုက်ပျိုးပြသသွားရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတောင်မြို့နယ် မင်းကွန်းကျေးရွာအုပ်စု တပ်သစ်ကျေးရွာ၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၉၃ သန်းဖြင့် မြေဧရိယာ ဧက ၁၀၀ အား စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူတစ်ဦးက စက်မှုလယ်ယာစနစ်ကျလယ်မြေ အပိုင်းလိုက်ဖော်ထုတ်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးချိန်အမီ လုပ်ငန်းဆောင်ရွက်ပြီးစီးရန်၊ တစ်ကွက်ပြီး



တစ်ကွက် စိုက်စနစ်ဖြင့်စိုက်ပျိုးရန်၊ ကျန်ရှိသည့် မြေဧရိယာများအတွက် ကြိုတင်ပျိုးထောင်ခြင်းစနစ်ဖြင့် စိုက်ပျိုးသွားရန်၊ ရေပေးမြေသားမြောင်းများ ခိုင်မာမှုရှိအောင် ဆောင်ရွက်သွားရန်၊ အပေါ်ယံမြေဆီလွှာများ စနစ်တကျပြန်လည်ဖြန့်ခင်းပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မုံရွာမြို့ပေါ်ရှိ ပုဂ္ဂလိကဆေးရုံ/ဘဏ်များ၊ ကိုယ်ပိုင်ကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘိုးဘွားရိပ်သာတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

မုံရွာ ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မုံရွာမြို့ပေါ်ရှိ ပုဂ္ဂလိကဆေးရုံ/ဘဏ်များ၊ ကိုယ်ပိုင်ကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘိုးဘွားရိပ်သာ တာဝန်ရှိသူများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မုံရွာမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ ကျန်းမာသန်စွမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ မြန်ဆန်ချောမွေ့



စေရေးနှင့် လူမှုကူညီရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ကူညီ ဆောင်ရွက်နိုင်ရေးတို့အတွက် ယခုတွေ့ဆုံပွဲကို ကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မုံရွာမြို့ပေါ်ရှိ ကိုယ်ပိုင် ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ခံများက မိမိတို့ကိုယ်ပိုင်ကျောင်းများ၏ သင်ကြားမှု၊ သင်ယူမှု လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများမှ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ခံများက မိမိတို့ဆေးရုံများအလိုက် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း၊ ပုဂ္ဂလိကဘဏ်များမှ ဘဏ်မန်နေဂျာများက မိမိတို့ဘဏ်များ၏ ငွေသွင်း/ငွေထုတ်လုပ်ငန်းများ ဝန်ဆောင်မှုပေးနေမှု အခြေအနေများကို လည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့များက မိမိတို့အသင်းအဖွဲ့များအလိုက် လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း၊ ဘိုးဘွားရိပ်သာများမှ တာဝန်ရှိသူများက အဘိုး၊ အဘွားများအား ကူညီစောင့်ရှောက်မှုပေးထားမှု အခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက မုံရွာမြို့ပေါ်ရှိ ပုဂ္ဂလိကဆေးရုံ/ ဘဏ်များ၊ ကိုယ်ပိုင်ကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘိုးဘွားရိပ်သာများမှ တာဝန်ရှိသူ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက် လာသူများ၏ ဖြည့်စွက်ဆွေးနွေး အကြံပြုတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# စစ်တွေမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဘာသာရပ်ဆိုင်ရာ စာစစ်မှူးချုပ်များ၏ ဟောပြောဆွေးနွေးပွဲ ကျင်းပ

စစ်တွေ ဖေဖော်ဝါရီ ၁၈

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး သာသာရပ်ဆိုင်ရာ စာစစ်မှူးချုပ်များ၏ ဟောပြောဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ်၏ အောင်ချက်ရာခိုင်နှုန်းသည် ၆၀ ဒသမ ၇၇ ရာခိုင်နှုန်းရှိပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ၂၂ဦး၊ ငါးဘာသာဂုဏ်ထူးရှင်၅၂ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၇၅ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၈၆၂ ဦး ပေါ်ထွန်းခဲ့၍ ဂုဏ်ယူခဲ့ရကြောင်း၊ ၂၀၂၃ ခုနှစ်အောင်ချက်ရာခိုင်နှုန်းဖြင့် နှိုင်းယှဉ်မည်ဆိုလျှင် ၂၀၂၄ ခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်းနှင့် ဂုဏ်ထူးရရှိသူဦးရေပါ တိုးတက်လာသည်ကို တွေ့ခဲ့ရသည့်အတွက် အခက်အခဲမျိုးစုံကြားက ကြိုးစားခဲ့ကြသော ရခိုင်



ပြည်နယ်ပညာရေးမိသားစုကို အထူးပင်ကျေးဇူးတင်ကြောင်း၊ ထိုကဲ့သို့ အောင်မြင်မှုများရရှိခြင်းသည် စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်၊ ဘာသာရပ်ဆိုင်ရာပါမောက္ခ(ဌာနမှူး)များနှင့် အခြေခံပညာတို့၏ ပေါင်းစည်းအားကြောင့်ဖြစ်ကြောင်း၊ လာမည့်တက္ကသိုလ်ဝင်စာမေးပွဲတွင်လည်း ယခင်နှစ်များထက် အရေအတွက်ရော အရည်အသွေးပါ တိုးတက်မြင့်မားသော ထူးချွန်လူငယ်များ မွေးထုတ်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ယခုတွေ့ဆုံပွဲတွင် စစ်တွေတက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူး)များနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြ၍ အောင်မြင်မှုများရရှိနိုင်ကြပါစေကြောင်း ပြောကြားသည်။

ဆက်လက်ပြီး စစ်တွေတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် စစ်တွေတက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ စာစစ်မှူးချုပ်များက မိမိတို့ဘာသာရပ်အလိုက် ဟောပြောပို့ချခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## ဒေါ်ပန်းအိဖြူ(ဘ)ဦးသန်းထွန်းဦး [၁၀/မဒန(နိုင်)၁၃၆၄၂၆]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ အမှုသည်တစ်ဦးဖြစ်သူ ဦးရန်နိုင်ကျော်[၁၂/အလန(နိုင်)၀၃၃၈၃၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏အမှုသည် ဦးရန်နိုင်ကျော်နှင့်ဒေါ်ပန်းအိဖြူတို့သည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သား(၁)ဦး၊ သမီး(၁)ဦးထွန်းကားခဲ့ပြီး အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ အပါအဝင် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ၊ လင်မယားနှစ်ဦးပိုင်ပစ္စည်းများအဖြစ် ဦးရန်နိုင်ကျော် အမွေရရှိထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ စပ်စံထွန်းလမ်း၊ အမှတ်(၁၀၂၇–B)ဟုခေါ်တွင်သော (ဂန္ဓဝင်)အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့်အဆောက်အဦ၊ ဒေါ်ပန်းအိဖြူ အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၂)ရပ်ကွက်၊ ရွှေညောင်ပင်ရပ်၊ ကွင်းအမှတ်(၈၄၄ခ)၊ ဦးပိုင်အမှတ်(N)၊ ဧရိယာ(၀.၀၄)၊ မျက်နှာစာ(၂၂)ပေx အလျား(၇၆)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်ရွှေထည်ပစ္စည်း (၁)ကျပ်ခွဲသား ခန့်ရှိ လက်စွပ်(ကျား/မ)(၂)ကွင်း၊ (မ)ဟန်းချိန်း၊ ထိုင်းနိုင်ငံ သို့သွားရောက်ရာ၌ စပေါ်ငွေအဖြစ် USD 1000$၊ လုပ်ငန်းသုံးကား (၃)စီးဖြစ်သည့် 7Q–1931 (DAYUN) ကား(၁)စီး၊ 4R–2771 (SUZUKI Carry)ကား(၁)စီး၊ 3R– 9534 (SUZUKI Carry) ကား(၁)စီး တို့ဖြစ်ကြောင်း သိရှိရပါသည်။

ဒေါ်ပန်းအိဖြူသည် ကျွန်ုပ်အမှုသည်အား လင်မယားကွာရှင်းပေးရန် တောင်းဆိုသကဲ့သို့ ကျွန်ုပ်အမှုသည်မှလည်း လင်မယားကွာရှင်းပေးရန် သဘောတူခဲ့ကြောင်း၊ ဒေါ်ပန်းအိဖြူ၏ရှေ့နေနှင့် ကျွန်ုပ်အမှုသည်၏ ရှေ့နေတို့သည် သဃ်န်းကျွန်းမြို့နယ်ရှိ လက်ဖက်ရည်ဆိုင်နှင့် ရန်ကင်းစင်တာရှိ စားသောက်ဆိုင်တို့တွင်တွေ့ဆုံပြီးဆွေးနွေးကြရာ၊ လင်မယားကွာရှင်းမှုအား နှစ်ဦးနှစ်ဖက် တူညီမှုရရှိခဲ့သော်လည်း စားသောက်ဆိုင်တို့တွင် ကလေး(၂)ယောက်အား အုပ်ထိန်းမှုနှင့်ပစ္စည်း ခွဲဝေမှုများအပေါ်တွင် သဘောတူညီမှု မရရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ပန်းအိဖြူနှင့် ကျွန်ုပ်တို့အမှုသည်တို့သည် လင်မယားကွာရှင်းမှုနှင့် ပစ္စည်းခန်းခွဲဝေပေးခြင်း မရှိသေးဘဲ လင်မယားနှစ်ဦးပိုင်ပစ္စည်းများအား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းစသည်တို့ကို မပြုလုပ်ရန် ဒေါ်ပန်းအိဖြူနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဦးရန်နိုင်ကျော်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲထွန်း(စဥ်– ၅၃၄၀)** **ဒေါ်ဝင်းဝင်းခိုင်(စဥ်–၁၀၂၀၆)**
**တရားလွှတ်တော်ရှေ့နေများ**
**တိုက်အမှတ်(၄၈၇/က)၊ မြေညီထပ်၊ အောင်ဇမ္ဗူလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

# မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf (BG) က အဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ပြိုင်ပွဲများ၏ ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။



Tour Pro အဆင့်ပြိုင်ပွဲတွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် ဘိုဘို (HAN Golf Masters)

ပြိုင်ပွဲဒုတိယနေ့အပြီး Tour Pro အဆင့်ပြိုင်ပွဲတွင် ဘိုဘို (HAN Golf Masters) က နှစ်ရက်ပေါင်း ရိုက်ချက် ၁၃၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ ပထမ၊ နိုင်နိုင်လင်း၊ လွင်မိုး၊ မျိုးဝင်းအောင် (PMA Association)၊ သိန်းနိုင်စိုး (HAN Golf Masters)၊ မျိုးမင်းအောင် (Ramber) တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်၍ ဒုတိယနေရာတွင် ရပ်တည်နေသည်။ Senior Pro အဆင့်တွင် မင်းနိုင်က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ပြီး ၆၂ ချက်ဖြင့် ပထမ၊ စိုးကျော်ကျော်နိုင် (Taylormade) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက် လျော့ရိုက်ပြီး ရိုက်ချက် ၇၀ ဖြင့် ဒုတိယ၊ ဇော်လင်းက ၇၂ ချက်ဖြင့် တတိယနေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲတတိယနေ့ကို ဖေဖော်ဝါရီ ၁၉ ရက်တွင် မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**
**ဓာတ်ပုံ–MGF**

★ **MFF**

ပွဲစဉ် (၁၂) အပြီးတွင် TG United အသင်းက ၃၀ မှတ်၊ 7 Dragon အသင်းနှင့် Pacific Sun Far အသင်းတို့က ၂၆ မှတ်စီ၊ Black Cross အသင်းက ၂၃ မှတ်၊ Gold Dream အသင်းက ၂၂ မှတ်၊ JZ Yangon အသင်းက ၁၉ မှတ်၊ YCDC Marga Youth အသင်းက ၁၅ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် KKY အသင်းတို့က ၁၁ မှတ်စီ၊ လက်ဝဲသုန္ဒရ အသင်းက ရှစ်မှတ်၊ 7 Brother အသင်းက ခုနစ်မှတ်၊ Maryar အသင်းက ခြောက်မှတ် ရရှိထားသည်။

ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖူဆယ်လိဂ်–၁ ပြိုင်ပွဲ ပွဲစဉ် (၁၁) ကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး YRG အသင်းနှင့် MH Dream Team အသင်း၊ YCDC Marga အသင်းနှင့် M2K အသင်း၊ VUC အသင်းနှင့် Generations အသင်း၊ MIU အသင်းနှင့် Winner Soccer အသင်း၊ SGF အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၁၀) အပြီးတွင် MIU အသင်းက ၂၈ မှတ်၊ YRG အသင်းက ၂၁ မှတ်၊ MH Dream Team အသင်းက ၂၀ မှတ်၊ M2K အသင်းနှင့် Generations အသင်းတို့က ၁၅ မှတ်စီ၊ VUC အသင်းက ၁၁ မှတ်၊ Winner Soccer အသင်းက ကိုးမှတ်၊ YCDC Marga အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က ရှစ်မှတ်စီ၊ SGF အသင်းက လေးမှတ်ရရှိထားသည်။

**ရှိုင်းထက်ဇော်**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

**ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈၀၊ မြေကွက်အမှတ်–၆၁၊ အကျယ်အဝန်း(၂၅ပေ x ၄၉ပေ)၊ ဧရိယာ(၀.၀၂၈)ဧက၊ (၁၂၂၅)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်–၁၇၊ ခိုင်ရွှေဝါလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၆–ထပ်)တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန်းနိုင်[၁၂/ဗဟန(နိုင်)၀၅၂၂၅၉] အမည်ပေါက်လျက်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းသူအမည်ပေါက်ပိုင်ရှင်မှ မိမိသာလျှင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့်ရောင်းချခွင့်ရှိသည့် မြေကွက်အားဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော် တရားလွှတ်တော်ရှေ့နေ (စဥ်–၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၅၄ သမိုင်း၊ မြေကွက်အမှတ်–၁၀/က–၂၊ ဧရိယာ(၀.၂၉)ဧက၊ မြေကွက်တည်နေရာအမှတ်–၁၂/စီ၊ ဦးလွန်းမောင်လမ်းသွယ်(၃)လမ်း၊ ၇–မိုင်၊ မရမ်းကုန်းမြို့နယ် ဒေါ်ခင်ခင်ထွေး (AC– ၀၃၃၉၆၀) အမည်ပေါက် B–မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် ဒေါ်ခင်ခင်ထွေး ကိုယ်တိုင်မှ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက်အရောင်းအဝယ်စာချုပ်အမှတ်–၂၈၀/၁၉၈၀ စာချုပ်ရုံးမိတ္တူမှန်၊ မြေကွက်ခွဲမြေပုံ၊ မြေတိုင်းမြေပုံ၊ လိုင်စင်အင်ဂျင်နီယာအဆိုပြုပုံစံတို့ကိုတင်ပြ၍ တိုင်းခွဲ(အတည်ပြု)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ နဝဒေးအိမ်ရာ၊ တိုက်အမှတ်(၉၂)၊ အခန်းအမှတ်(၇)၏ မူလအမည်ပေါက် ဦးအိုက်ကျောက် [၁၃/ခလန(နိုင်) ၀၀၅၁၇၆] သည် (၁၄–၇–၂၀၂၄)ရက်တွင် (ကွယ်လွန်)ပြီးဖြစ်ပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ချယ်ရီဝင်းလွင် [၁၂/သကတ(နိုင်)၂၁၃၈၇၂]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

❖ **MNL**

ရတနာပုံအသင်းသည် ရန်ကျော်စိုး၊ မိုးဆွေ၊ ပြည်မိုး၊ စိုးမင်းဦးတို့ဖြင့် လူစုံခဲ့သလို ဒဂုံစတားအသင်းကလည်း သိန်းသန်းဝင်း၊ ဆွမ်လမန်၊ ငြိမ်းချမ်း၊ စွမ်းထက်၊ ငြိမ်းချမ်းအောင်တို့ဖြင့် အမာခံကစားသမားအများစု အသုံးပြုခဲ့သည်။ ပွဲအစ ၁၁ မိနစ်မှာပင် ဒဂုံစတားနောက်ခံလူ ကိုးသန်းဇော် အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် တစ်ယောက်လျော့သွားပြီး ရတနာပုံအသင်းကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရသည်။ ၄၂ မိနစ်တွင် ရတနာပုံအသင်း ဂိုးစတင်ရရှိပြီး ပြည်မိုးက သွင်းယူကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင် ဒဂုံစတားယူနိုက်တက်အသင်း ချေပဂိုးပြန်ရပြီး မောင်မောင်ဝင်းက သွင်းယူခဲ့သော်လည်း ၅၇ မိနစ်တွင် တည်ငြိမ်မင်းက ရတနာပုံအသင်းအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဒဂုံစတားအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၈ မိနစ်တွင် ငြိမ်းချမ်းက ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။ ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ရတနာပုံအသင်း အနိုင်ဂိုးများရခဲ့ပြီး ၉၀+၂ မိနစ်တွင် ပြည်မိုး၊ ၉၀+၃ မိနစ်တွင် အာကာတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံတိုက်စစ်မှူး ပြည်မိုးက သွင်းယူခဲ့သည်။

ပွဲစဉ် (၂၀) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၄၅ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၄၁ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၃၂ မှတ်၊ အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်းတို့က ၂၉ မှတ်စီ၊ သစ္စာအားမာန်အသင်းက ရမှတ် ၂၀၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၇ မှတ်၊ Dagon Port အသင်းက ၁၅ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ မြဝတီအသင်းက ရှစ်မှတ် ရရှိထားသည်။ **သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MNL**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီတိုးချဲ့(၁၅)လမ်း၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ ဦးသန်းရွှေ(TGN– ၀၈၃၅၂၈)အမည်ဖြင့် ချထားပေးသော၊ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၁၁၇၅) မြေကွက်အကျယ်(၄၀')x(၆၀') မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ–ဒေါ်သီရိဟေမာသိန်း(ဘ)ဦးသိန်း[၉/တသန(နိုင်)၁၁၅၆၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မဉ္ဇူအေးသိန်း (LL.B) (စဥ်–၁၂၂၅၇) (တရားလွှတ်တော်ရှေ့နေ)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့၊ ၀၉–၅၀၄၁၄၈၃**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၁၃–၂–၂၀၂၅) ရက်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၉)တွင် ထည့်သွင်းကြော်ငြာခဲ့သော ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဦးခင်မောင်ဆွေ **[၁၂/သဃက(နိုင်)၀၀၆၆၅၄]** အစား **[၁၂/သလန(နိုင်)၀၀၆၆၅၄]**၊ ဦးအောင်ခင် **[၁၂/ဥကတ(နိုင်)၂၂၁၁၀၀]** အစား **[၁၂/သဃက (နိုင်)၂၂၁၁၀၀]** ဟု အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အမည်မှန်

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ Grade–1 တွင် ပညာသင်ကြားနေသော (အဖ) ဦးလင်းသူရိန်၏ သား မောင်ဘုန်းမြင့်မြတ်သူ၏ အမည်မှန်မှာ မောင်ဘုန်းသော်ဖြစ်ပါသည်။

**မောင်ဘုန်းသော်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ နဝဒေးအိမ်ရာ၊ တိုက်အမှတ်(၉၂)၊ အခန်းအမှတ်(၁၀)၏ မူလအမည်ပေါက် ဦးအိုက်ကျောက် [၁၃/ခလန(နိုင်)၀၀၅၁၇၆] သည် (၁၄–၇–၂၀၂၄)ရက်တွင် (ကွယ်လွန်)ပြီးဖြစ်ပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ချယ်ရီဝင်းလွင် [၁၂/သကတ(နိုင်)၂၁၃၈၇၂]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅)၊ ရတနာလမ်း၊ မြေကွက်အမှတ်(၁၀၂၂)၊ ဦးချစ်ဟန် (WDN–105361) နှစ်(၆၀)ဂရန်အမည်ပေါက် ပေ(၄၀x၆၀)မှ ခွဲခြမ်းစိတ်ဖြာထားခြင်းမရှိသေးသော (၂၀x၆၀)ပေရှိ ဂရန်မူရင်းမြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်စာချုပ်မူရင်းအဆက်ဆက်များဖြင့် ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်ကျော်စိုး [၇/ကပက(နိုင်)၀၅၃၁၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးစည်သူ [၁၁/တကန(နိုင်)၀၈၅၈၃၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိုးစည်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ(စဥ်–၄၈၁၇၈)**
**ဖုန်း–၀၉–၄၄၀၉၈၆၁၄၆**

## သွေးသည် အသက်

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၈–၂–၂၀၂၅) ရက်၊ ကြေးမုံသတင်းစာ၊ ကြော်ငြာစာမျက်နှာ (၂၅)ပါ အများသိစေရန် တရားလွှတ်တော်ရှေ့နေ ဒေါ်မြင့်မြင့်ရီ ကြော်ငြာတွင် **ခွင့်ပြုချက်မရရှိဘဲ** ဟု ပြင်ဆင် ဖတ်ရှုပါရန်။

✧ **ကျောဖုံးမှ**

အခုပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး လီဝန်ဒိုစကီးကတော့ ယခုဘောလုံးရာသီမှာ လာလီဂါသွင်းဂိုး ၂၀ အထိရှိလာခဲ့ပြီဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ လက်ရှိပွဲစဉ် ၁၄ ပွဲယှဉ်ပြိုင်ကစားရဖို့ ရှိနေချိန်မှာ အမှတ်ပေးဇယားတတိယနေရာက အက်သလက်တီကိုမက်ဒရစ်အသင်းကို တစ်မှတ်ဖြတ်ကာ ဇယားထိပ်ဆုံးမှာ ဦးဆောင်လျက်ရှိတာကြောင့် လက်ရှိအချိန်မှာ မက်ဒရစ်မြို့ခံနှစ်သင်းနဲ့ ဘာစီလိုနာအသင်းတို့ဟာ ချန်ပီယံဖြစ်လာဖို့ အကြိတ်အနယ် ကြိုးပမ်းနေကြရတာလည်းဖြစ်ပါတယ်။

ဗယ်လက်ကာနိအသင်းကတော့ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၆)နေရာမှာပဲ ရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

**ဇေကြွယ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်

**(၂၃)ကြိမ်မြောက်၊ (၂၄)ကြိမ်မြောက်နှင့် (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း**

၁။ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ (၂၃)ကြိမ်မြောက်၊ (၂၄)ကြိမ်မြောက်နှင့် (၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကိုအောက်ပါ အစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) အစမ်းလေ့ကျင့်မည့်ရက် - (၁၀-၃-၂၀၂၅)ရက် (တနင်္လာနေ့)

(ခ) ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက် - (၁၁-၃-၂၀၂၅)ရက် (အင်္ဂါနေ့)

၂။ (၂၃) ကြိမ်မြောက်၊ (၂၄)ကြိမ်မြောက်နှင့် (၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်မှ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများတက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) စတုတ္ထနှစ်ဆေးဝါးသိပ္ပံ(၁/၂၀၂၀)(ပုံမှန်/နောက်ဆက်တွဲ) သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ

(ခ) စတုတ္ထနှစ်ဆေးဝါးသိပ္ပံ(၁/၂၀၂၃)(ပုံမှန်/နောက်ဆက်တွဲ) သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ

(ဂ) စတုတ္ထနှစ်ဆေးဝါးသိပ္ပံ (၁/၂၀၂၄)(ပုံမှန်)သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ

(ဃ) ဆေးဝါးမဟာသိပ္ပံဘွဲ့(၂၀၂၀၊ ၂၀၂၁၊ ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄) ခုနှစ်များတွင် စာမေးပွဲအောင်မြင်ပြီးသူများ

(င) ဆေးဝါးသိပ္ပံပါရဂူဘွဲ့(၂၀၂၁၊ ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၅) ခုနှစ်များတွင် စာမေးပွဲအောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး **၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)** ပေးသွင်းရမည်ဖြစ်ပြီး၊ အဝေးရောက်ဘွဲ့ယူသူများသည် **၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)** ပေးသွင်းရမည်ဖြစ်သည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၊ ကျောင်းသားရေးရာဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် [အမျိုးသား-မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး-မြန်မာဝတ်စုံ] ဖြင့် လတ်တလော ရိုက်ကူးထားသော (၁½" x ၂")အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် (၁၉-၂-၂၀၂၅) မှ (၃-၃-၂၀၂၅) ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ (တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အပြည့်အစုံ)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၊ ကျောင်းသားရေးရာဌာနစိတ်၊ ဖုန်းနံပါတ် (၀၉-၇၈၇၄၂၇၅၆၂) သို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်လှဲ့လှဲ့မွန် [၁၂/လမန(နိုင်)၁၃၄၀၇၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်လှဲ့လှဲ့မွန်နှင့် ဦးဘိုဘိုနိုင် [၁၂/ဥကတ(နိုင်)၁၃၅၈၄၉]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (၁၁-၂-၂၀၂၂)ရက်နေ့ကတည်းက ကမာရွတ်မြို့နယ်တရားရုံးတွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် ကွာရှင်းပြတ်စဲပြီးနောက်ပိုင်းတွင်လည်း ဦးဘိုဘိုနိုင်နှင့် ပြောဆိုဆက်သွယ်ခြင်းမျိုး မရှိခဲ့သလို လူမှုရေး၊ စီးပွားရေးအရလည်း ပတ်သက်ဆက်နွှယ်ခြင်းမျိုး မရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေအနေဖြင့် ဦးဘိုဘိုနိုင်နှင့်သက်ဆိုင်သည့် မည်သည့်ငွေကြေးအရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာကိုမျှ တာဝန်ယူဖြေရှင်းပေးရန်အကြောင်းမရှိပါကြောင်းနှင့် ဦးဘိုဘိုနိုင်နှင့်သက်ဆိုင်ပြီး ကျွန်ုပ်တို့၏မိတ်ဆွေအပေါ် တစ်စုံတစ်ရာ ထိခိုက်နစ်နာအောင်ပြုလုပ်လာပါက သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှဲ့လှဲ့မွန် [၁၂/လမန(နိုင်)၁၃၄၀၇၈]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဒါယူစီ** — **အထက်တန်းရှေ့နေ (စဉ်-၅၃၀၉၇)**
**ဒေါ်ဆုလှဲ့လှဲ့နိုင်** — **အထက်တန်းရှေ့နေ (စဉ်-၅၅၂၅၄)**

**အမှတ်(၂၅၁)၊ အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၀၀၀၅၁၈၃**

## "အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊မွေ့သုခလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်-၀ဘာဂီ၊ မြေကွက်အမှတ်(၈)၊ အကျယ်အဝန်း(အလျား၃၀ပေ xအနံ၅၀ပေ)ရှိ ဦးသိန်းအောင်(ဂရန်အမှုတွဲအမှတ်-၃၃၂/၀ဘဂ(၇)/၉၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင်ယင်းအိမ်မြေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား** အရှုပ်အရှင်းမရှိကြောင်းနှင့် အမွေပုံများစာရင်းရှင်းလင်းခွဲဝေပြီးဖြစ်ကြောင်း ရောင်းချသူ ဒေါ်ခင်မျိုးဦး [၁၂/ဥကမ(နိုင်)၀၃၉၉၃၄]မှ ဝန်ခံပြောဆိုလျက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဇော်[၁၂/ဥကမ(နိုင်)၀၃၉၆၅၃]ထံသို့ (၆-၂-၂၀၂၅)ရက်နေ့တွင်"နှစ်ဦးသဘောတူ အိမ်နှင့်မြေ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် တရားဝင်ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါအိမ်မြေသည် ဦးမြင့်ဇော် တစ်ဦးတည်းသာလျှင် စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသူဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဇော်၏ ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲထားခြင်းတို့ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် အကယ်၍ ကျွန်ုပ်မိတ်ဆွေမှ မသိရှိဘဲ တစ်နည်းနည်းဖြင့် စီမံဆောင်ရွက်ထားမှုများ ပြုလုပ်ထားပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဦးမြင့်ဇော်[၁၂/ဥကမ(နိုင်)၀၃၉၆၅၃]၏ လွှဲအပ်ချက်အရ-**

**ဒေါ်ပိုးအိစံ (LL.B, D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၀၄/၂၀၂၀)**
**အမှတ်(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၁)၊ STRAND Condominium၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-09-454911399, 09-772031533.**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာ၊ City Loft၊ CL-10 ၊Room-318 ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစည်သူဝင်း [၇/ဒဥန(ဧည့်)၀၀၀၁၅၃]နှင့် ဒေါ်စိမ်းလဲ့မွန် [၈/မကန(နိုင်)၁၆၆၇၅၉]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးစရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည် -

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ဖြိုးဝေ(စဉ်-၁၇၄၆၁)** | **ဒေါ်အိအိခင်(စဉ်-၉၇၉၅)** |
| **LL.B** | **LL.B, LL.M, D.M.L** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၃၈)၊ အနော်ရထာလမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၄၁၀၆၊ ၀၉-၂၅၀၀၆၆၂၅၄**

## ပန်ကို မြန်မာ ကုမ္ပဏီလီမိတက်
**(Panko Myanmar Company Limited)**
**လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁)အရ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအား အများသိစေရန် ကြေညာခြင်း**

၂၀၂၅–ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီတွင် ပါဝင်သူများ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ပန်ကိုမြန်မာကုမ္ပဏီလီမိတက် (Panko Myanmar Co., Ltd.)အား အဆိုပါ ၂၀၂၅–ခုနှစ်၊ ဇန်နဝါရီလ(၃၁) ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သီတာအေး (လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ လက်မှတ် အမှတ် ၀၀၁၉၃)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၅ ခုနှစ်၊ မတ်လ (၂၀)ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သီတာအေး**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ပန်ကို မြန်မာကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်(25–E3)၊ မြေကွက်အမှတ် (၁၂/၆၅)၊ ဧရိယာ (၀.၀၂၁)ဧက၊ မြေကွက်တည်နေရာ– အမှတ်(၆)၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ကိုကျော်သောင်း အမည်ပေါက် မြေပိုင်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အမည်ပေါက် (အဘိုး) ဦးကျော်သောင်းသည် (၂၅–၁၁–၁၉၇၆) ရက်နေ့ ကွယ်လွန်ကြောင်း၊ (အဘွား) ဒေါ်အမာသည် (၂၉–၃–၁၉၈၀)ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ကွယ်လွန်သူတို့တွင် သားအရင်းဖြစ်သူ ဦးပြုံးချို တစ်ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း အမွေစားအမွေခံကိတ္တိမ သားသမီးများလည်း မွေးစားခဲ့ခြင်းမရှိကြောင်း တစ်ဦးတည်းသော သားအရင်းဖြစ်သည့် ၎င်းတို့၏(ဖခင်) ဦးပြုံးချိုသည် (၆–၁–၂၀၁၆) ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ (မိခင်) ဒေါ်ခင်ရွှေသည် (၃–၁၁–၂၀၂၀) ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ကွယ်လွန်သူမိဘများတွင် သားသမီးအရင်းအဖြစ် အစ်ကိုကြီး ဦးအေးချို အပါအဝင် ကျမ်းကျိန်ဆိုသူ ဦးဝင်းချို၊ ဒေါ်အေးသီတာ၊ ဒေါ်လင်းလင်းထွေး၊ ဦးမင်းမင်းတို့ (၅)ဦးကိုသာ မွေးဖွားခဲ့ကြောင်း၊ အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်းမွေးစားခဲ့ခြင်းမရှိကြောင်း၊ အစ်ကိုကြီး ဦးအေးချိုသည် (၄–၁–၂၀၀၂)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားခဲ့ခြင်းမရှိဘဲ ကွယ်လွန်ခဲ့ကြောင်း၊ ကွယ်လွန်သူ မိဘများနှင့် ၎င်းတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ အဘိုး၊ အဘွား၊ မိဘများနှင့် အစ်ကိုဖြစ်သူတို့ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကွယ်လွန်သူတို့၏ ကျန်ရစ်သူ မြေးအရင်းများ/သားသမီးအရင်းများ/မွေးချင်းညီ–ညီမအရင်းများဖြစ်ကြသော ၎င်းတို့ မောင်နှမ(၄)ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဦးဝင်းချို[၁၂/ကမတ(နိုင်)၀၁၆၆၈၇]၊ ဒေါ်အေးသီတာ [၁၂/ကမတ(နိုင်)၀၀၂၄၇၀]၊ ဒေါ်လင်းလင်းထွေး [၁၂/ကမတ(နိုင်)၀၅၄၄၃၀]၊ ဦးမင်းမင်း[၁၂/ကမတ(နိုင်)၀၆၂၂၃၂]တို့က အလုံခရိုင်တရားရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်– ၃၃၄၆/၂၀၂၄(၂၀–၈–၂၀၂၄) နှင့် ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးကျော်သောင်း၊ ဦးပြုံးချို၊ ဒေါ်ခင်ရွှေနှင့် ဦးအေးချိုတို့၏ သေဆုံးမှုလက်မှတ်၊ ဒေါ်အမာ၏ သေစာရင်းမှတ်တမ်းမှာ ရှာဖွေမတွေ့ရှိပါသဖြင့် သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ကြောင်း တိုင်းကျန်းမာရေးဦးစီးဌာန၏ (၁၅–၈–၂၀၂၄)ရက်နေ့စွဲ အကြောင်းပြန်ကြားစာ၊ ကွယ်လွန်သည်မှာ မှန်ကန်ကြောင်း ဘောဂရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ (၂၉–၈–၂၀၂၄) ရက်နေ့ ထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ (၃၀–၈–၂၀၂၄) ရက်နေ့ထောက်ခံချက်၊ ၁၉၉၂ ခုနှစ်တွင် ဒေါ်စန်းစန်းနိုင် မြေပုံကူး လျှောက်ထားခဲ့ခြင်းမှာ မြေပိုင်ဆိုင်မှုမရှိဘဲ အဆောက်အဦအတွက် ပိုင်ဆိုင်သူဖြစ်ပြီး အဆောက်အဦပြင်ဆင်ရန် လျှောက်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ ဒေါ်စန်းစန်းနိုင်မှာ အမွေဆိုင်မဟုတ်ကြောင်းနှင့် ၁၀–၁–၂၀၂၃ ရက်နေ့တွင် ဇနီး ဒေါ်စန်းစန်းလှိုင်(ခ)ဒေါ်စန်းစန်းနိုင် ကွယ်လွန်ခဲ့ကြောင်း၊ ဦးသန်းလှ[၁၂/ ကမတ(နိုင်)၀၁၇၁၆၁]၏ ကျမ်းကျိန်လွှာ၊ မြေပြင်ကွင်းဆင်းချက်အရ (၂)ထပ် RC အဆောက်အဦ၌ ဒေါ်လင်းလင်းထွေး ကိုယ်တိုင်နေထိုင်ကြောင်းနှင့်ပြဿနာမရှိတာဝန်ယူကြောင်း မှတ်တမ်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ ဦးဝင်းချို၊ ဒေါ်အေးသီတာ၊ ဒေါ်လင်းလင်းထွေးနှင့် ဦးမင်းမင်း တို့က ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်–လုပ်ငန်းဆောင်ရွက်–လွှဲပြောင်း၊ Built–Operate–Transfer (BOT) ပုံစံဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားလိုသည့် ကုမ္ပဏီများအား စိတ်ဝင်စားမှုအဆိုပြုလွှာ(Expression of Interest–EOI) တင်ပြရန် ဖိတ်ခေါ်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်–လုပ်ငန်းဆောင်ရွက်–လွှဲပြောင်း၊ Built–Operate–Transfer (BOT) ပုံစံဖြင့် နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်၍ မျက်စိရောဂါကုသမှု၊ ကင်ဆာရောဂါကုသမှု၊ ဆီးနှင့်ကျောက်ကပ်ရောဂါကုသမှုနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အထွေထွေရောဂါအထူးကုသမှု စသည်တို့အား ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူလူထုအတွက် လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါ နိုင်ငံတော်ပိုင်မြေတွင် အထက်ဖော်ပြပါ ဦးစားပေးအထူးကုဘာသာရပ်များဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာအား ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ Hard copy/Soft copy (Word file) များဖြင့် (၂၃–၄–၂၀၂၅)ရက်နေ့၊ ညနေ (၄:၀၀)နာရီ နောက်ဆုံးထား၍ အဆိုပြု လျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာရယူရန်နှင့် ဆက်သွယ်ရန်လိပ်စာ**

ပုဂ္ဂလိက ကျန်းမာရေးဌာနခွဲ၊ ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း– ၀၆၇ ၃၄၁၁၀၆၉၊ ၀၆၇ ၃၄၁၁၆၃၀
Email–privatehealthdivision@gmail.com

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင်**
**ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန်**
**အကောင်အထည်ဖော်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ရန်ပြေ)၊ မြေကွက်အမှတ် (၁၂၇/ခ)၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၂၇/ခ)၊ ရန်ပြေ (၉) လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမြငြိမ်း(TKA–၀၁၀၄၅၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမြငြိမ်း မြေစာရင်းနှင့် ဂရန်တွင် ဦးမြငြိမ်း(အိမ်ထောင်စုစာရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တွင် ဦးမြညိမ်း(TKA–၀၁၀၄၅၄) (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းအေး [၁၂/သကတ(နိုင်)၀၈၅၀၃၄]မှ ကွယ်လွန်သူခင်ပွန်းတွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ မိမိသာကျန်ရှိခဲ့ပါကြောင်း၊ အခြားသော ဇနီး/မယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကွယ်လွန်သူခင်ပွန်းနှင့် မိမိတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် တစ်ဦးတည်းသောဇနီးဖြစ်သူ မိမိကသာလျှင် အထက်ဖော်ပြပါ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးမြညိမ်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့် (၈)လမ်း၊ အမှတ်(၃၈)နေ ဦးကြည်စိုး[၁၂/သဃက(နိုင်)၀၇၆၀၀၀]– ဒေါ်လှမြင့် [၁၂/သဃက(နိုင်)၀၇၆၀၀၁]တို့၏သမီး မခင်သန္တာစိုးသည် မိခင်+ဖခင်တို့၏ပြောဆိုဆုံးမမှုကို မနာခံဘဲခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မခင်သန္တာစိုး[၁၂/သဃက(နိုင်)၁၅၅၇၃၉]နှင့်ပတ်သက်သော ငွေရေးကြေးရေးအရှုပ်အရှင်းများနှင့် အခြားမည်သည့်ကိစ္စမဆို ယနေ့မှစ၍ ဤမိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်လှမြင့်**
**[၁၂/သဃက(နိုင်)၀၇၆၀၀၁]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၃၁၊ ယုဇနလမ်း၊ မြေကွက်အမှတ်– ၈၃၁၊ အကျယ်အဝန်း (၄၀x၆၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးတင့်ဆွေအမည်ပေါက် မြေချပါမစ်မူရင်းခြမ်း၊ မြေကွက်အမှတ်– ၈၃၀ နှင့်ကပ်လျက်အခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးတင့်ဆွေအမည်ပေါက် မြေချပါမစ်မူရင်းနှင့်တကွ စာချုပ်စာတမ်းများနှင့် လက်ရောက်ဝယ်ယူပိုင်ထားသူ ဒေါ်ခင်မြမြ [၁၂/ရကန(နိုင်)၀၆၁၂၇၆]မှ အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဒေဝီ LL.B**
**အထက်တန်းရှေ့နေ(စဉ်–၅၃၄၃၁/၂၀၂၀)**
**အမှတ်(၉၁၃)၊ ရေသန့်လမ်း၊ ၁၃၁ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၇၉၃၀၆၀၅၀၈**

## ‘ကန့်ကွက်နိုင်ပါသည်’

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သဖင်လမ်း၊ အမှတ်( ၁၁၃ )ပေါ်တွင်ဆောက်လုပ်ထားသော THE GEMS GARDEN CONDOMINIUMS, တိုက်အမှတ်( GEMS-4 )၊ အခန်းအမှတ်( 10# 04 )၊ အကျယ်အဝန်း( ၈၉၇–စတုရန်းပေ )ရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွတပ်ဆင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အားတရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်စိုးရီမွန်( ၁၂/စခန(နိုင်)၀၇၂၆၂၈ )ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍( ၁၄ )ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေများ | |
|---|---|---|
| ဒေါ်အင်ကြင်းမိုမို | ဒေါ်မိုးမိုးအေး | ဒေါ်တင်ဇာနည်နေဝင်း |
| (LL.B,D.B.L) | (LL.B,D.B.L,D.M.L,D.I.L)(စဉ် ၈၅၅၈) | (LL.B,D.I.L)(စဉ် ၉၅၇၃) |
| (စဉ် ၄၆၅၄၉) | WIPO,DL.101Switzerland | DL-101(WIPO)Geneva |

☎ – 09799991090, 09799991095, 09775560071, 09775560072
တိုက်အမှတ်( ၃၈ )၊ အခန်းအမှတ်( ၃၀၁ )၊ ၃လွှာ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်(က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ တိုက်အမှတ်–(၃၅)၊ အခန်းအမှတ်–( ၈–လွှာ/ A) (ခေါင်းရင်းခန်း/အပေါ်ဆုံးထပ် ) ဟုခေါ်တွင်သော တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် ကိုယ်ပိုင် ရေ+မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးထွန်းထွန်း [၁၁/မအန(နိုင်)၀၃၀၈၂၇]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငုဝါထွန်း (LL.B, M.B.L, D.B.L, D.I.R)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၀၃၀/၁၃)**
**အမှတ်(၄၅)၊ မြေညီ၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၄၃၀၂၃၁၃၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ်–၈၄၊ (၃လွှာ/ခ)နေ ဦးကျော်ဇင်လတ် [၁၂/မဂတ(နိုင်)၀၉၂၈၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၆)ရပ်ကွက်၊ သီရိနန္ဒာလမ်း၊ အမှတ်(၉၃၂) ဟုခေါ်တွင်သော ဧရိယာ (၄၀ပေx ၆၀ပေ)ရှိ ဦးတင်သိန်း[၁၂/လမန(နိုင်)၀၁၇၇၆၉] အမည်ပေါက် ပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၂၄–၈–၂၀၂၂)ရက်နေ့တွင် တရားဝင်လက်ရှိထားပိုင်ဆိုင်သော ရောင်းချသူ ဒေါ်ဇာသာဘီ [၁၂/ဒဂတ(နိုင်)၂၂၁၇၂၀] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်ဇင်လတ်က အရှုပ်အရှင်းမရှိ တစ်ဦးတည်းဝယ်ယူခဲ့ပြီး လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်း၊ ယင်းပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တခြားသူတစ်ပါးထံသို့ ရောင်းချ၊ ငှားရမ်း၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်းထားခြင်း၊ အာမခံတင်သွင်းထားခြင်း မရှိပါကြောင်း၊ ယနေ့အချိန်အထိ ဦးကျော်ဇင်လတ် တစ်ဦးတည်းကသာ အကျိုးခံစားခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

| ဦးသက်ပိုင်ကို(LL.B) | ဦးမင်းခန့်ကျော် (LL.B) | ဒေါ်ဝင်းဇင်ဖြူ (LL.B) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၂၆၂) | အထက်တန်းရှေ့နေ(စဉ်–၅၅၈၁၉) | အထက်တန်းရှေ့နေ(စဉ်–၅၂၅၁၂) |

**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၂၅၄၆၀၈၅၉၄**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးအိုက်ဆန်၏ သား မောင်စိုင်းထွန်းလှဆန် [၉/မနမ (နိုင်)၁၁၂၂၉၃]၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–5422311**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်– ၆/မြို့မရပ်၊ မြေဧရိယာ (၀.၁၁၀)ရှိ မြေကွက်အမှတ် (ပ.၂၀၈၁၅)ကို အမည်ပေါက် ဦးဝင်းစိန် (ဘ) ဦးထွန်းရှန် [၁၄/မအန (နိုင်) ၁၀၀၅၃၉]မှ ဒေါ်ယုဝါသင်း (ခ) သီရိယုဝါ (ဘ) ဦးဘိုးတီ(ခ)ကျော်မြင့် [၉/ပမန(နိုင်)၁၇၃၇၃၈]နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူ များအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်လျှောက် ထားလာမှုအား ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကလေးဝလမ်း၊ အမှတ်(၃၇)၊ ၄၅၅/က နေ ဦးလှိုင်စိုး (ဘ) ဦးမြတ်စိုး [၁၂/လမန(နိုင်) ၁၁၆၂၁၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ ကွင်းအမှတ်–၃၈၇၊ ဦးပိုင်အမှတ်–၈၄/၇၃၊ ဧရိယာ (၀.၁၅၅)ဧကရှိ မြေကွက်ကို ဦးလှိုင်စိုး(ဘ) ဦးမြတ်စိုးမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပြီး ရောင်းချသူမူလပိုင်ရှင် မစ္စတာဂျွန်၏ဇနီးဖြစ်သူ ဒေါ်မြ (ဘ) ဦးမောင် [၁၃/တကန(နိုင်)၀၁၀၅၃၆]မှ ကိုယ်စားလှယ်လွှဲစာများလည်း တရားဝင်ပေးအပ်ခဲ့ပြီး ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယင်းမြေကွက်ကို ဦးလှိုင်စိုးမှ ခြံစည်းရိုးခတ်ခြင်းပြုလုပ်စဉ်က ရန်ကုန်မြို့တော်စည်ပင်သာယာရေး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အဆိုပါမြေနေရာသည် တပ်ပိုင်မြေဟုဖော်ပြခဲ့သော်လည်း အဆိုပါမြေနေရာသည် ၎င်းတို့ တပ်ပိုင်မြေမဟုတ်ကြောင်း အကြောင်းပြန်ကြားစာများ ပေးပို့လာခဲ့ပါသည်။ ၎င်းအပြင် ၂၀၂၂ ခုနှစ် အင်းစိန်မြို့နယ် တရားရုံးတော်၌ စိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချရေးဌာနခွဲဟုဆိုကာ အင်းစိန်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ မိမိပိုင်မြေအား ဌာနပိုင်မြေဟုဆိုကာ ခြံစည်းရိုးလာရောက်ခတ်သူများကပင် ဦးလှိုင်စိုးအား ရာဇသတ်ကြီးပုဒ်မ– ၄၄၇ အရ တရားစွဲဆိုခဲ့ရာတွင် တရားရုံးတော်သို့ ဦးလှိုင်စိုးမှ မိမိပိုင်အထောက်အထားစာရွက်စာတမ်းများ တင်ပြနိုင်ခဲ့သဖြင့် ရုံးတော်မှ ဦးလှိုင်စိုးအား အဆိုပါပြစ်မှု ကျူးလွန်ခြင်းမရှိကြောင်း အမိန့်တစ်ရပ်ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါ မိမိပိုင်မြေအား ပိုင်ရေးဆိုင်ခွင့်ရှိသူတစ်ယောက်အနေဖြင့် ခြံစည်းရိုးခတ်ခြင်း၊ လွှဲပြောင်းရောင်းချခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ယခုကြော်ငြာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်း စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေ ဦးလှိုင်စိုးထံဖြစ်စေ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေ ဆောင်ရွက်လိုသည်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်အိအိမြတ်(ဥပဒေဘွဲ့) | ဒေါ်ဇင်ဝတ်ရည်ဖြိုး(ဥပဒေဘွဲ့) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်–၁၃၃၇၀)/၂၀၁၇ | (စဉ်–၅၃၆၄၄)/၂၀၂၀ |

**အမှတ်– ၁၅/၁၊ ယန္တရားရိပ်သာ၊ ဘောဂဗလလမ်း၊ (င)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၃၀၈၁၅၆၆၊ ၀၉–၇၉၉၇၄၉၂၅၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်နေ ဦးမင်းနိုင် [၁၂/လကန(နိုင်)၀၂၉၇၈၇] နှင့် ဒေါ်ကေသွယ် [၁၂/ လကန (နိုင်)၀၂၉၇၇၇] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏သားဖြစ်သူ မောင်ဝေဖြိုးအောင် [၁၂/မရက(နိုင်)၁၅၁၃၅၃]သည် မိဘများ၏ ဆိုဆုံးမကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

| | |
|---|---|
| | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမင်းနိုင်** | **ဦးကောင်းဝေဟန်(LL.B)** |
| **[၁၂/လကန(နိုင်)၀၂၉၇၈၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၁၃)** |
| **ဒေါ်ကေသွယ်** | **အခန်း(၃၀၉)၊ တိုက်(၃)၊** |
| **[၁၂/လကန(နိုင်)၀၂၉၇၇၇]** | **ရန်ကုန်ဟိုတယ်ဝင်း(၈)မိုင်လမ်းဆုံ၊** |
| **နေပြည်တော်** | **ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၄၅၁၆၈၉၇** |

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ဦးအောင်ဇေယျ(၉)လမ်း၊ အမှတ်(၁၁၃၄/က)၊ မြေအကျယ် (၂၀ပေ x ၆၀ ပေ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဒေါ်အေးတုတ် (CK-၀၅၅၈၃၉)၊ အမှုတွဲအမှတ် (၃၆၃၈/ဒလ/ဂရန်/၉၅)ဖြင့် ထုတ်ပေးထားသော ဂရန်မြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ပျဉ်ထောင်၊ သွပ်မိုးအိမ်နှင့် မြေပေါ်/မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင် လက်ဝယ်ထားရှိပြီး ရောင်းချလိုကြောင်း ဝန်ခံပြောဆို၍ အဆိုပြုကမ်းလှမ်းလာသူ ဒေါ်အမာ [၁၂/ဒလန(နိုင်)၀၃၇၅၃၇] နှင့် ဒေါ်ယဉ်ယဉ်စန်း [၁၂/ဒလန(နိုင်)၀၃၇၅၃၈] ထံမှ ကျွန်တော် ဦးသိန်းစိုးအောင် [၁၂/လမတ(နိုင်)၀၂၅၄၆၅]မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ကြောင်း ၎င်းဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ ပျဉ်ထောင်၊ သွပ်မိုး၊ နှစ်ထပ်အိမ်တို့၏ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးသိန်းစိုးအောင်**
**[၁၂/လမတ(နိုင်)၀၂၅၄၆၅]**
**ဖုန်း-၀၉-၅၀၂၂၄၀၉၊ ၀၉-၉၆၅၀၂၂၄၀၉**

## "ကွာရှင်းပြီးကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနော်မာ(၁၅)လမ်း၊ (၁)ရပ်ကွက်၊ အမှတ်(၅၆၉)နေ မုပဟမ္မဒ်ကမားလ်(ခ)ဦးသန်းဝင်း[၁၂/သကတ(နိုင်)၂၃၆၅၁၈] နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အနော်မာ(၅)လမ်း၊ (၁)ရပ်ကွက်၊ အမှတ်(၂၀၄)နေ ဒေါ်မာလာအောင်(ခ)ခသီဂျာဘီတို့သည် (၂၀-၅-၂၀၀၇)ရက်နေ့တွင် နေကာဟ်ပြု ထိမ်းမြားလက်ထပ်ခဲ့ပြီးနောက် လွန်ခဲ့သော (၂၀၂၄) ခုနှစ်အတွင်း အိမ်ထောင်ရေးအဆင်မပြေဖြစ်ခဲ့ပြီး ခင်ပွန်းသည်မှ ဇနီးသည်အပေါ် သွလာက်(၃)ကြိမ်ပေးခဲ့သဖြင့် ထိုကိစ္စအား မြန်မာမွတ်စလင်မ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၌ အဆုံးအဖြတ်ခံယူခဲ့ကြရာတွင် (၅-၂-၂၀၂၄)ရက်စွဲပါ စာအမှတ်-၀၁၉/ဓမသ/ဇန်နဝါရီလ/၂၀၂၄-ခုနှစ်/မမသဖ ဓမ္မသတ်ဖြေလွှာနှင့် (၆-၁၂-၂၀၂၄) ရက်စွဲပါစာအမှတ်-၁၄၃/ဓမသ/ဒီဇင်ဘာလ/၂၀၂၄-ခုနှစ်/မမသဖ ဓမ္မသတ်ဖြေလွှာတို့အရ ဇနီးသည်အပေါ် သွလာက်(၃)ကြိမ်လုံးကျသွားပြီး ဇနီးမောင်နှံ(၂)ဦးကြား၌ လင်ခန်းမယားခန်း အပြီးအပိုင် ပြတ်စဲပြီးဖြစ်ကြောင်း ဖြေကြားဆုံးဖြတ်ချက်တို့အရ မုပဟမ္မဒ်ကမားလ်နှင့် ခသီဂျာဘီတို့သည် အစ္စလာမ့်တရားဥပဒေအရ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် နောက်နောင်တွင် ခသီဂျာဘီနှင့် သက်ဆိုင်သော မည်သည့် ကိစ္စရပ်မျှ ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မုပဟမ္မဒ်ကမားလ်၏လွှဲအပ်ချက်အရ**
**ဦးခင်မောင်ကျော် (LL.B.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၆၇/၁၁-၄-၂၀၂၄)**
**အမှတ်(၂၀၇)၊ ပထမထပ်(ဝဲ)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၃၀၀၂၀၁၄၊ ၀၉-၆၉၉၁၆၆၇၅၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၇

၁။ ဦးချစ်ဝေလွင် နှင့် ဒေါ်အေးအေးငွေ
၂။ ဒေါ်ဝင်းလဲ့ကေခိုင်

**(တရားလိုများ)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ရာဇမိရာဇ်လမ်း၊ အမှတ်(၄၆၁)နေ ဒေါ်အေးအေးငွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက **"ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကြိုတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**
**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန**

## ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရန် Online Application များ၊ Dynamic QR Code System နှင့် Website Security, Maintenance and CMS Updates များ ပြုလုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော နည်းပညာဆိုင်ရာလုပ်ငန်းများအတွက် Lot(၃)ခုအား လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ပြည်တွင်းနည်းပညာကျွမ်းကျင်ကုမ္ပဏီများအနေဖြင့် တင်သွင်းလိုသည့် Lot No. အလိုက် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါသတ်မှတ်ချက်များအတိုင်း တင်သွင်းရပါမည်-

| | | |
|---|---|---|
| (က) တင်ဒါပုံစံစတင်ရယူနိုင်သည့်ရက် | - | (၁၇-၂-၂၀၂၅) ရက်နေ့ (တနင်္လာနေ့) |
| (ခ) တင်ဒါပုံစံရယူရန်နှင့် တင်သွင်းရမည့်နေရာ | - | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ခရီးသွားမြှင့်တင်ရေးဌာနခွဲ (Digital Marketing) ရုံးအမှတ် (၃၃)၊ နေပြည်တော်၊ တင်ဒါမှတ်ပုံတင်ကြေး ကျပ်-၁၀,၀၀၀/- (တင်ဒါမှတ်ပုံတင်ကြေးကို Lot (၁)ခုချင်းစီအလိုက် (၁)စောင်ချင်းစီ တင်သွင်းရမည်။) |
| (ဂ) တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် | - | (၄-၃-၂၀၂၅) ရက်နေ့ (အင်္ဂါနေ့) မွန်းတည့် (၁၂:၀၀) နာရီ |
| (ဃ) တင်ဒါဖွင့်ဖောက်စိစစ်မည့် နေ့ရက်/အချိန်နှင့်နေရာ | - | (၅-၃-၂၀၂၅) ရက်နေ့ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ (၂:၀၀) နာရီ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော် |

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်၍ ဖော်ပြပါ QR Code ကို Scan ဖတ်၍လည်းကောင်း၊ htttps://moht.qrd.by/digitalmarketing တွင်လည်းကောင်း Download ရယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ခရီးသွားမြှင့်တင်ရေးဌာနခွဲ၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း၊ ၀၉-၄၂၀၇၂၃၇၅၁၊ ၀၆၇၃- ၄၀၆၄၇၆ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**

## "ဦးအောင်ဝင်း[၁၂/စခန(နိုင်)၀၈၃၄၈၀]နှင့် ဒေါ်သူဇာဝင်း[၁၂/စခန(နိုင်)၀၈၂၉၆၇]တို့၏ လွှဲအပ်ညွှန်ကြားချက်ဖြင့် (၇-၂-၂၀၂၅) ရက်စွဲပါကြော်ငြာကို ပြန်လည်ရှင်းလင်းခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေ ကန်ထရိုက်တာ ဦးရဲနိုင်[၁၂/သကတ(နိုင်) ၁၉၄၁၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရ (၇-၂-၂၀၂၅)ရက်စွဲပါကြော်ငြာကို အောက်ပါအတိုင်း ပြန်လည်ဖြေရှင်းလိုက်သည် -

(၇-၂-၂၀၂၅)ရက်နေ့ ကြော်ငြာ(၂)ခုတွင် ကန်ထရိုက်တာ ဦးရဲနိုင်၏ မှတ်ပုံတင်အမှတ်မှာ မှားယွင်းလျက်ရှိပါသည်။ အဆိုပါကြော်ငြာတွင်ပါရှိသော ဖော်ပြချက်များ မှန်ကန်မှုမရှိပါ။

ကန်ထရိုက်တာ ဦးရဲနိုင်သည် အမှတ်-၆၊ ၁၆၃-လမ်း၊ တာမွေကြီး(က+ဂ) ရပ်ကွက်ရှိ တိုက်ခန်းများအားလုံး ဆောက်လုပ်ပြီးစီး၍ (၂၃-၁၂-၂၀၂၀) ရက်နေ့တွင် စာအမှတ်-၉၂၉/၀၂၅၅/စည်ပင်-ယာ(အုံ)ဖြင့် အဆောက်အဦပြီးစီးကြောင်းလက်မှတ် (BCC)ကို ရယူပြီးနောက်ပိုင်း ပထမထပ်(၁)ခန်းကို (၃-၉-၂၀၂၁)ရက်စွဲပါ စရန်စာချုပ်ဖြင့် ဦးအောင်ဝင်းအား ရောင်းချခဲ့ပြီး အဆိုပါစာချုပ်ပေါ်တွင် ကျန်ငွေများကို (၆)လအတွင်း ပေးချေမည်ဟု ဝန်ခံကတိပြုလျက် အကယ်၍ ဝယ်ယူသူ ဦးအောင်ဝင်းက ငွေပေးချေရန် ပျက်ကွက်ခဲ့ပါက စရန်ဆုံးဟု အတိအလင်းဖော်ပြထားပါသည်။

ဒေါ်သူဇာဝင်း ဝယ်ယူချုပ်ဆိုထားသော မြေညီအခန်းကို (၂၂-၇-၂၀၂၃) ရက်စွဲပါ စရန်စာချုပ်ပေါ်တွင် (၃၀-၈-၂၀၂၃)ရက်နေ့၌ ငွေအပြေအကျေ မပေးနိုင်ပါက စရန်ဆုံးဟုအတိအလင်းဖော်ပြထားပါသည်။ အဆိုပါစရန်ပေးစာချုပ်(၂)စောင်လုံးမှာ တစ်စောင်ကိုမျှ ငွေအားလုံးပေးချေကြောင်း အပြီးသတ်စာချုပ် ချုပ်ဆိုထားခြင်းမရှိဘဲ ထိုစာချုပ်ပေါ်တွင် ခတ်လေ့ကား၊ မီးစက် အကြောင်းအရာများ လုံးဝမပါရှိကြောင်း ဖော်ပြထားပြီး ဦးအောင်ဝင်းနှင့် ဒေါ်သူဇာဝင်းတို့မှာ ကန်ထရိုက်တာ ဦးရဲနိုင်နှင့် တစ်မြို့တည်းသားဖြစ်နေသည့် အတွက် ဆွေမျိုးမကင်းဖြစ်နေ၍ စရန်စာချုပ် ချုပ်ဆိုစဉ်ကာလကတည်းက ပထမထပ်အား နေထိုင်ခွင့်ပေးထားပြီး မြေညီထပ်ကိုလည်း ရုံးခန်းဖွင့်လှစ်ရန် ဦးရဲနိုင်က သဘောထားကြီးစွာဖြင့် ခွင့်ပြုခဲ့ပါသည်။ အဆိုပါစရန်ပေးအခန်း (၂)ခန်းနှင့်ပတ်သက်၍ ဝယ်ယူသူ ဦးအောင်ဝင်းနှင့် ဒေါ်သူဇာဝင်းတို့က ငွေအပြေအကျေမပေးဘဲ အပြီးသတ်စာချုပ် ချုပ်ဆိုခြင်းလည်းမရှိဘဲ ကတိပျက်ကွက်သည့်အတွက် စရန်ဖြင့်ဝယ်ယူထားသူများသည် စရန်ဆုံးသွားသော်လည်း ဦးရဲနိုင်က သဘောထားကြီးစွာဖြင့် နေထိုင်မှုကာလကိုလည်း မည်သည့် ငွေကြေးမျှ လုံးဝမယူသည့်အပြင် စရန်ငွေများကို ပြန်ပေးမည်ဖြစ်ကြောင်းနှင့် တိုက်ခန်း(၂)ခန်းအား ဦးရဲနိုင်လက်ဝယ်သို့ အမြန်ဆုံးအပ်နှံပေးပါရန်နှင့် ထိုအခန်းများကို မည်သူ့ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်းခြင်းများ လုံးဝမပြုရန် ကြော်ငြာလိုက်သည်။ အကယ်၍ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြော်ငြာလိုက်သည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
| **ဦးရဲနိုင်** | **ဦးရွှေလှိုင်တင်** | **ဒေါ်ခင်အေးလှိုင်** |
| | **BA,HGP,PGDL,DBL** | **LL.B, LL.M(Civil Law)** |
| | **(စဉ်-၁၀၆၈၃)** | **(စဉ်-၁၂၂၀၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃၁)၊ (ပ)ထပ်၊ ဘိုကလေးဈေးလမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၉၆၅၀၅၈၉၀၇၊ ၀၉-၂၅၄၁၃၄၄၃၀**



*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။
777 Call Center
aungbarlay.ird.gov.mm

**သာလွန်ကျော်**
**အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
**Ph:09-420780797**
**09-261119599**

## မတည်ရင်းနှီးငွေလျှော့ချခြင်း

ကျွန်တော်များ SHWE SAN THEE COMPANY LIMITED ၏ ဒါရိုက်တာအဖွဲ့ဝင်များမှ အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သန်း(၁၀၀၅) မှ ကျပ် (၃၀၂)သန်းသို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**SHWE SAN THEE COMPANY LIMITED**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၁)၊ မြေကွက်အမှတ်(၄၆၃)၊ တွံတေးမြစ်လမ်း၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) မြေကွက်အမှတ် (၄၆၄)နှင့် ကပ်လျက်ဘက်ခြမ်းရှိ ဦးအေးရွှေအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်ရီ [၁၂/သကတ(နိုင်)၀၇၆၆၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထက်ထက်ဝင်းပြည့် [၁၂/ဥကမ(နိုင်)၂၁၅၀၅၇]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**
**အမှတ်-၁၈၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၂၉၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၅)ရပ်ကွက်၊ မြခေမာ(၄)လမ်း၊ မြေကွက်အမှတ် (၄၃၉/ခ)၊ မြေအကျယ်အဝန်း ပေ(၂၀ x ၆၀)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ (ပါမစ်မူရင်း) ဒေါ်အေးအေးမာအမည်ပေါက်မှ အဆင့်ဆင့်ရောင်းချလာခဲ့ရာ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်သူ ဦးအောင်နိုင် [၁၂/မရက(နိုင်)၀၅၃၃၄၂]ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်ထွန်း [၁၂/လမန(နိုင်)၀၉၁၂၇၃]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန်းသန်းဝင်း (LL.B, PGDCA) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၂၀)**
**အမှတ်(၄၂၂)၊ ယာဉ်ငယ်(၂)လမ်း၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၃၁၈၈၆၄၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကလီထော်အရှေ့ရပ်ကွက်၊ ကွင်းအမှတ်-၉၉၉/B၊ ဦးပိုင်အမှတ်- (၅၁+၅၀/ခ) ဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း (၂.၃၅)ဧကရှိသော လယ်ယာမြေနှင့် ယင်းလယ်မြေပေါ်ရှိ အိမ်၊ လျှပ်စစ်မီတာ၊ သီးပင်စားပင်များအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် လှည်းကူးမြို့နယ် မြေစာရင်းဦးစီးဌာနတွင် လယ်ယာမြေအမည်ပေါက်မှာ ဒေါ်ခင်နှင်းယု[၈/ဆမန(နိုင်)၀၀၈၄၁၅] ကိုင်ဆောင်သူ အမည်ဖြင့် တည်ရှိနေပြီး ၎င်းမှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာရာ ၎င်းထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်ပပခိုင် (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၄၈၇၃)**
**အမှတ်(၅၇၈/က)၊ စိန်ပန်း(၈)လမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၁၀၂၀၇၈၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါးပုတောကျေးရွာ၊ကွင်းအမှတ်-၆၄၃၊ ကွင်းအမည်-ငှက်တော်ကွင်း၊ ဦးပိုင်အမှတ်(၂၂/၂)၊ ဧရိယာ(၀.၄၃)ကေနှင့် ဦးပိုင်အမှတ်(၂၃/၂)၊ ဧရိယာ(၀.၂၂)ကေ စုစုပေါင်းဧရိယာ (၀.၆၅) ကေရှိ ဦးလှိုင်းသစ်ဇင်ဝေအမည်ဖြင့် မြေခွန်ပြေစာ-G၊ မြေအမျိုးအစားထွက်ရှိထားသော လျှပ်စစ်မီတာပါမြေကွက်ကြီးနှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင်အပါအဝင် လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ ၎င်းမှသာလက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ **ဒေါ်အေးသွဲ့သွဲ့ဇင် [၁၂/မရက(နိုင်)၀၀၁၄၀၀]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးသန်းနိုင် [၅/ခဥတ(နိုင်)၁၂၃၉၂၆]**မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၇၄)**
**အမှတ်-(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက် ဟူ၍ ရှိ...**

❖ **အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...**

❖ **ထို့ကြောင့်ပညာအသက်သည် ဘဝတစ်သက်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ချေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ဗယ်လက်ကာနိုအသင်းကို အနိုင်ရပြီး ဘာစီလိုနာအသင်း စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးသို့ တက်လှမ်းခွင့်ရရှိ

ဘာစီလိုနာအသင်းဟာ ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက ဗယ်လက်ကာနိုအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်(၂၄)မှာ ဗယ်လက်ကာနိုအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးသို့ တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းအနေနဲ့ ဗယ်လက်ကာနိုအသင်းနဲ့ ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန် ၂၈ မိနစ်မှာ ရရှိခဲ့တဲ့ တိုက်စစ်မှူး လီဝန်ဒိုစကီးရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့တာဖြစ်ပြီး လာလီဂါပွဲစဉ်(၂၄)အပြီးမှာ ဒုတိယနေရာက ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်နဲ့ ဇယားထိပ်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။



ဘာစီလိုနာအသင်းနှင့် ဗယ်လက်ကာနိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဗယ်လက်ကာနိုအသင်းကို အနိုင်ရရှိခဲ့တဲ့ ဘာစီလိုနာအသင်းဟာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးကို ပထမဆုံးအကြိမ် ပြန်လည်တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ **စာမျက်နှာ ၁၉ ကော်လံ ၅ သို့** ✧

## MFF ဖူဆယ်လိဂ်-၁ နှင့် လိဂ်-၂ ပွဲစဉ်များ ဆက်လက်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲနှင့် လိဂ်-၂ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉၊ ၂၀ ရက်တို့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၁၃) ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ဝဲသုန္ဒရအသင်းနှင့် Maryar အသင်း၊ KKY အသင်းနှင့် YCDC Marga Youth အသင်း၊ Black Cross အသင်းနှင့် JZ Yangon အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Gold Dream အသင်း၊ Pacific Sun Far အသင်းနှင့် 7 Brother အသင်း၊ TG United အသင်းနှင့် 7 Dragon အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **စာမျက်နှာ ၁၉ ကော်လံ ၁ သို့** ★

## MNL ပြိုင်ပွဲတွင် ရတနာပုံအသင်းက ဒဂုံစတားအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိ



ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကြစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၁၈ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရတနာပုံအသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ထိပ်ဆုံးငါးသင်းအတွင်းဝင်ရန် မျှော်လင့်ချက်ရှိနေသည့် ရတနာပုံအသင်းသည် နောက်ကျဂိုးများဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ဒဂုံစတားယူနိုက်တက် အသင်းသည် တတိယနေရာမှဟံသာဝတီအသင်း၏ ခြေချော်မှုကို အခွင့်ကောင်းမယူနိုင်ဘဲ နှစ်ပွဲဆက်အရေးနိမ့်ခဲ့သဖြင့် အမှတ်ကွာဟမှု လျှော့ချနိုင်ခြင်းမရှိဘဲ အဆင့် ၄ နေရာတွင်သာ ရပ်တည်လျက်ရှိသည်။ **စာမျက်နှာ ၁၉ ကော်လံ ၄ သို့** ✤


**ယနေ့ ဖတ်စရာ**

**မက္ကဆီကိုပင်လယ်ကွေ့အား မူလအမည်အတိုင်း ဖော်ပြခြင်းမပြုပါက အရေးယူဆောင်ရွက်မည်ဟု ဂူဂဲလ်အား မက္ကဆီကိုသမ္မတ သတိပေး**
စာမျက်နှာ » ၁၃

**ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော** PDF **အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်**
စာမျက်နှာ » ၁၄

**အကြမ်းဖက်သမားများက တနင်္သာရီမြို့နယ် ပနပ်ငယ်ကျေးရွာအနီး၌ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့်ယာဉ်တစ်စီးအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်များအပါအဝင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး ရှစ်ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ**
စာမျက်နှာ » ၁၅

**မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏** Tour Pro **နှင့်** Senior Pro **အဆင့် ဒုတိယနေ့ ဆက်လက်ကျင်းပ**
စာမျက်နှာ » ၁၉